ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်၊ သောကြာနေ့ (27-2-2009) (၂၉၆၇)

ဆီအုန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဓ္ဓသဘင်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးဒုတိယနေ့နံနက်ပိုင်းအစီအစဉ်ကို ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသံဝရကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်ကြီးများက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တနင်္သာရီတိုင်းအတွင်းစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဆေးရုံကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘုတ်ပြင်း-ကော့သောင်းလမ်း၌ တောင်ဒဂုံကုမ္ပဏီလီမိတက်က တာဝန်ယူ၍ စက်ယန္တရားကြီးများဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တောင်ဒဂုံကုမ္ပဏီလီမိတက်၏ တစ်နာရီတန် ၃၀ ကျဆီကြိတ်စက်ရုံသို့ ရောက်ရှိပြီး ဆီကြိတ်ထုတ်လုပ်နေမှုနှင့် ဆီသီးခိုင်၊ ဆီသီး၊ ဆီကြိတ်ဆီ၊ ကာနယ်စေ့၊ ကာနယ်မှုန့်နှင့် ကာနယ်ဆီတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘုတ်ပြင်း-ကော့သောင်းလမ်းပိုင်းရှိ ဟန်ကပြုတံတားနှင့် တောင်ဒဂုံကုမ္ပဏီလီမိတက်၏ ဟန်ကပြုဆီအုန်းပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေတံခွန်စခန်းစစ်မှုထမ်းဟောင်းကျေးရွာသို့ရောက်ရှိကာ စစ်မှုထမ်းဟောင်းမိသားစုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကရသူရိမြို့ ပြည်သူ့ဆေးရုံသစ်သို့ရောက်ရှိစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်ကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ဖွင့်လှစ်ပေးထားသော ရုံးခန်းများနှင့် ဆိုင်ခန်းများကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စီးပွားရေးအခွင့်အလမ်း ပွင့်လန်းဝေဆာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ကျော်ကျော်(ဗန်းမော်)

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးနှင့်ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့မှ ငါးမိုင်ခန့်ကွာဝေးသော မိုင်းယု ၁၀၅ မိုင်တွင် နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးတက်အောင်မြင်လာကာ ယခင်က ရွာသာသာရှိခဲ့သည့် မူဆယ်မြို့လေးသည် ယခုရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ပင်တိုးတက်လာပြီး စီးပွားရေးမြို့ကြီးတစ်မြို့ ဖြစ်လာပေသည်။

မူဆယ်မြို့နယ် မိုင်းယုနယ်စပ်ကုန်သွယ်ရေး စီးပွားရေးဇုန်ကြီးကို ၂၀၀၅ ခုနှစ် မတ်လတွင် တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ စစ်ဆေးရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကြေးမုံ The Mirror
၂၇-၂-၂၀၀၉
(သောကြာနေ့)

မြန်မာ့တိုင်းရင်းဆေးများ ဆက်လက်သုတေသနပြု အာနိသင်ထက်မြက်သော ဆေးဝါးများ ထုတ်လုပ်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေ၊ မြေ၊ တောတောင်၊ ရာသီဥတု၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများနှင့် အပြန်အလှန် အကျိုးပြုလျက် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ မြန်မာ့တိုင်းရင်းဆေးဝါးများကို ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်အားထားသုံးစွဲလာခဲ့ကြရာ ယနေ့ကာလတိုင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက မြန်မာ့တိုင်းရင်းဆေးပညာနှင့်မိစ်မျှ နည်းလမ်းတကျ တိုးတက်ထွန်းကားရေးအတွက် အဘက်ဘက်က မြှင့်တင်အားပေးလျက်ရှိသည်။ တိုင်းရင်းဆေးဝါးများ၏ အာနိသင်ကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်၍ နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးဝါးများ သုတေသနပြုဖော်ထုတ်နိုင်ရေး စီမံဖြည့်ဆည်းပေးနေသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီးဆောင်ရွက်သည့် ပထမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲနှင့် နက္ခတ္တဗေဒနယ ဆေးပညာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်နှင့်၂၂ ရက်က မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါစာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေးသုတေသနစာတမ်း ၁၆ စောင်နှင့် နက္ခတ္တဗေဒနယဆေးပညာစာတမ်း ၁၀ စောင်တို့ကို ဖတ်ကြားတင်ပြရာ တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးများ၊ မြန်မာ့တိုင်းရင်းဆေးဆရာ အသင်းဝင်များနှင့် တိုင်းရင်းဆေးသုတေသီများ တက်ရောက်၍ ဆွေးနွေးခဲ့ကြသည်။

ဆရာစဉ် သမားဆက် လက်ဆင့်ကမ်း အမွေပေးခဲ့သော ဆေးပညာရပ်များ၊ ကုထုံးများ၊ ဆေးဝါးများကို ဆက်ခံထိန်းသိမ်း စောင့်ရှောက်ရုံသာမက တိုင်းရင်းဆေးဝါးများ၏ အာနိသင်ကို ခေတ်မီနည်းစနစ်များဖြင့် ဆက်လက်သုတေသနပြု ဖော်ထုတ်ကြရမည်ဖြစ်သည်။

တိုင်းရင်းဆေးနယ်ပယ်တွင် ဆေးဖုံများ(ဆေးအမယ်ပေါင်းစပ်)နှင့် ဆေးတစ်ပင်ချင်းတို့ကို ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် အာနိသင်ထက်မြက်သည့် ဆေးပင်များကို သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရေးအတွက်လည်း သိပ္ပံနည်းကျ စမ်းသပ်သုတေသနပြု ထုတ်လုပ်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကားရေးနှင့် သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိရာ မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများက မိမိတို့အတတ်ပညာ အတွေ့အကြုံဖြင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများ စံချိန်စံညွှန်းမီ ထုတ်လုပ်ပေးခြင်းဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးစွမ်းသွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ ဓာတ်မှန်အဆောက်အအုံ ပန္နက်တင်အခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ လှူဒါန်းသော ဆေးရုံဓာတ်မှန် အဆောက်အအုံ ပန္နက်တင် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ လှူဒါန်းမှုနှင့် စပ်လျဉ်း၍ မြို့နယ်ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းကိုယ်စား Daewoo International Corporation (Myanmar E & P) rS Executive Vice President & MD Dr Su-Peong Yang က ဓာတ်မှန်အဆောက်အအုံ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ လှူဒါန်းသော ဆေးရုံ ဓာတ်မှန် အဆောက်အအုံ ပန္နက်တင် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဓာတ်မှန် အဆောက်အအုံ ဆောက်လုပ်မည့် သတ်မှတ်နေရာများ၌ ပန္နက်တင် ပေးကြပြီး အမွှေးနံ့သာ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကောင်းကျေးရွာတွင် အလှူရှင်စက်ရေတွင်းဖွင့်လှစ်

အောင်လံ ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် မိုးကောင်းကျေးရွာနေပြည်သူများသန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် နှစ်လက်မ အလှူရှင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာအခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)ဦးထွန်းသူအောင်နှင့်အဖွဲ့ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၁၉၆၄-၆၅ မှ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်များ သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Treasure Hotel ၌ကျင်းပရာ ပူဇော်ပွဲကျင်းပရေးကော်မတီနာယကဦးဝင်းနိုင်၊ ဒေါက်တာမာဂရက်ဝေါင်းနှင့် ဥက္ကဋ္ဌ ဦးနန်းအောင်တို့က အမှာစကားများ ပြောကြားကြသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် အပူဇော်ခံဆရာ၊ ဆရာမကြီး ၄၀ ၏ အမည်စာရင်းကို ဦးသိန်းဝင်းက ဖတ်ကြားကြေညာပြီး ကန်တော့ပန်ကြားလွှာအား ဦးဉာဏ်ဝင်းက တိုင်ပေးကာ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၂/၂၀၀၉) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး) က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြပြီး လုပ်ငန်းကော်မတီအလိုက် အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြကာ ၂၀၀၈ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

လှူဒါန်း

အစည်းအဝေးတွင် ၂၀၀၇ ခုနှစ်အတွက် သုတစွယ်စုံ တစ်သက်တာ စာပေဆုရ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာခင်မောင်ညွန့်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ **(အပေါ်ပုံ)** ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမက(၃၁) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ ကျောင်းမိသားစုအဆင့် စတုတ္ထတန်း ဘက်စုံထူးချွန်ပထမဆု အင်္ဂလိပ်စာ၊ သင်္ချာ ထူးချွန်ဆုရရှိသော မသီတာရွှေစင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညို ဆုချီးမြှင့်စဉ်။ (ပညာရေး)

သက်ရှည်ကျန်းမာ စိတ်ဖိစီးမှုလျော့ပါးရေး နည်းလမ်းအဖြာဖြာ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (မတ်၊ ၂၀၀၉)ကို Medi Myanmar Group Ltd.၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခသမားတော်ကြီး ဒေါက်တာခင်မောင်ဝင်းက **သက်ရှည်ကျန်းမာ၊ စိတ်ဖိစီးမှုလျော့ပါးရေး နည်းလမ်းအဖြာဖြာ** (Healthy and Stress Free Life Style)ခေါင်းစဉ်ဖြင့် ယခုကဲ့သို့ ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် စိတ်ဖိစီးမှု(Stress)များကို မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းများဖြင့် ဖြေလျော့သွားနိုင်ကြောင်းကို ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Kari Tapiola နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiolaနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန် တို့တက်ရောက်ကြပြီး ILO အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ILOအဖွဲ့၏ ဥပဒေအကြံပေးအရာရှိရုံးမှ ဥပဒေအရာရှိ Mr. Drazen Petrovicနှင့် ILO ဆက်သွယ်ရေးအရာရှိ Mr.Steve Marshall တို့တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုမရှိစေရေးအတွက် နောက်ဆက်တွဲနားလည်မှုစာလွှာ သက်တမ်းတိုးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး(ILO)တို့သည် ယနေ့တွင် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များ ဆောင်ရွက်ရန် နောက်ဆက်တွဲနားလည်မှုစာလွှာကို (၁၂)လ ထပ်မံသက်တမ်းတိုးခဲ့ကြောင်း သိရှိရသည်။

အကာအကွယ်ရရှိ

အဆိုပါ နောက်ဆက်တွဲနားလည်မှုစာလွှာသည် မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုမပြုရေး တားမြစ်ထားသည့် တည်ဆဲဥပဒေများ ကျင့်သုံးမှုကို အထောက်အကူဖြစ်စေကြောင်း၊ ယင်းသည် ရန်ကုန်မြို့ရှိ ILO ဆက်သွယ်ရေးအရာရှိက အကူအညီပေးနေသည့် တိုင်ကြားချက် ယန္တရားတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲနားလည်မှုစာလွှာ၏ အပိုဒ်(၁)အရ မြန်မာနိုင်ငံသားများအနေဖြင့် အဓမ္မခိုင်းစေခြင်းခံရပါက တရားဥပဒေနှင့်အညီ တရားမျှတမှုရရှိနိုင်ပြီး တိုင်ကြားသူအတွက်လည်း အကာအကွယ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အာမခံချက်ပေးထား

အဆိုပါစာလွှာ သက်တမ်းတိုး လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က "အဓမ္မခိုင်းစေမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ အဆင့်မြင့်ပိုင်း၏ သန္နိဋ္ဌာန်ချထားမှုကို ထပ်မံအတည်ပြုသည့် အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ILO တို့အကြား ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုပါကြောင်း၊ နောက်ဆက်တွဲနားလည်မှုစာလွှာသည် အဓမ္မခိုင်းစေမှုလုံးဝမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးခံယူချက်ရှိမှုကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ ၂၀၀၈ခုနှစ် မေလအတွင်းက အတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးထားပြီး အဓမ္မခိုင်းစေမှုများ တားမြစ်ကြောင်းကိုလည်း ပုဒ်မ(၃၅၉)တွင် ပြဋ္ဌာန်းထားပါကြောင်း" ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲကို မတ် ၂၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်း ခမ်းမ ရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် လက်ခံရရှိသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ၆၆၆၁၅၂၊ ၂၂၁၆၈၄၊ ဦးမြင့်သိန်း (တက္ကသိုလ် မောင်မြင့်သိန်း) ဖုန်း-၅၀၁၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ၂၉၃၀၅၆၊ ဦးသန်းဝေစိုး ဖုန်း-၂၀၃၂၁၉၊ ဦးထွန်းငွေ ဖုန်း-၀၁-၇၂၁၄၀၆၊ ဦးသောင်းတင် ဖုန်း-၂၁၄၆၄၅၊ ဦးတင်လှိုင် ဖုန်း-၅၉၀၁၀၈၊ ၅၉၀၁၀၉၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁၀၃၀၁၇၊ ၇၂၂၁၀၂၊ ဦးအောင်မင်း ဖုန်း-၂၉၂၄၇၂၊ ဦးဇော်နိုင်ထွန်း ဖုန်း-၅၃၇၈၀၉၊ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅၀၁၇၈၂၂ နှင့် အသင်း ဖုန်း-၅၁၉၂၇၃ တို့သို့ ဆက်သွယ် သတင်းပေးပို့ပါရန်နှင့် ကျောင်းထောက်ခံစာများကို မတ် ၂၅ရက် နောက်ဆုံးထား ပေးပို့ကြပါရန်နှင့် အင်္ဂပူမြို့နယ်သူ/သားများ တက်ရောက် ပါရန်နှင့် မော်တော်ယာဉ်များဖြင့် လမ်းကြောင်းအလိုက် ကြိုဆိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)



ကန့်ဘလူမြို့ မြို့ရေပေးရေးတိုးချဲ့ဆောင်ရွက်ရန် ရေစုကန်တူးဖော်မှု အခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ/စစ်သည်များ တက်ရောက်ကြသည်။

စစ်တီးဝိုင်းပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ရဲသွေး ရဲမာန်၊ ပြည်သူ့သားကောင်း၊ မျိုးမြန်မာပြည်ရွာ စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က ဒို့စစ်သည်၊ စံပြဒို့တပ်မတော်၊ ဒို့ရဲ့မြန်မာ့တပ်မတော်၊ ပြည်သူ့သားစစ်သည်၊ ရဲသွေးရဲမာန် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)ကတပ်မတော်၊ ဇာနည်အောင်စစ်သည်၊ တူယှဉ်ကာတိုက်စို့၊ စံပြဒို့တပ်မတော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ရဲသွေးရဲမာန်စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်ချီ မပခစစ်သည်၊ တူယှဉ်ကာတိုက်စို့၊ မပခရဲ့အာဇာနည် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့ သားကောင်း၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားစစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ

(စနေနေ့- နံနက်+နေ့လယ်+ည) (၂၈-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော်(ပုပ္ဗဏှသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ရာဟုလာ)
၈း၄၀	တေးပဒေသာ
၉း၀၀	ဘဝအသွင်ကဗျာ့အမြင်(ငါ့အိမ်)
၉း၁၀	တေးပဒေသာ
၉း၃၀	မွေးနေ့လက်ဆောင်
၉း၄၅	အာဆီယံအစီအစဉ်
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ်(ကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (တစ်နှစ်စာအလွဲများမှသည်)
၁၁း၅၅	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးပဒေသာ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (လတပေါင်း၏ နွေဦးတေးသံ) နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပညာရေး အထူးအစီအစဉ်)

၁း၂၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (သိတတ်လိမ္မာ စာနှင့်ပညာ)
၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၅း၀၀	လေလှိုင်းကြားကပဲ့တင်သံ
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၀၅	တေးချစ်သူရွေးသီ တေးပန်းချီ
၆း၃၀	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	သူ့အကြိုက်သူ့အသွင် (ပြေတီဦး)
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ပေါ်က မှဲ့အမျိုးမျိုး)
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈း၄၀	ညချမ်းချိန်ခါ တေးပဒေသာ
၉း၀၀	နိုင်ငံတကာအနုပညာ(အမရာ) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အုတ်ကျင်းဂုန်နီစက်ရုံဝန်ထမ်းများ ကျန်းမာရေးအတွက် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေး လုပ်ငန်း ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန အုတ်ကျင်းဂုန်နီစက်ရုံရှိ ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ဦးအောင်လင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့ (ရုံးခွဲ-၆) တာဝန်ခံ ဒေါ်လှလှသန်းအဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉နာရီတွင် လာရောက်ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းမှတ်စု

ဟားမတ်စ်အကျဉ်းသားများအား အာဘတ်စ်လုံခြုံရေးတပ်ဖွဲ့ လွှတ်ပေး

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်လုံခြုံရေးတပ်ဖွဲ့က အစ္စလာမ္မစ် ဟားမတ်စ်လှုပ်ရှားမှု အဖွဲ့ဝင်တစ်ဦးအား အနောက်ဘက်ကမ်းဒေသရှိ အကျဉ်းထောင်မှ ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက လွှတ်ပေးခဲ့သည်ဟု လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

အနောက်ဘက်ကမ်းဒေသ နာဘလူးစ်နှင့် တယ်ကာရမ်မြို့တို့ရှိ အကျဉ်းထောင်မှ ဟားမတ်စ်အကျဉ်းသား ရှစ်ဦးကိုလည်း လွှတ်ပေးခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ဂါဇာ-အီဂျစ်နယ်စပ်မျဉ်းတစ်လျှောက် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

ဂါဇာကမ်းမြောင်တောင်ပိုင်း အီဂျစ်နိုင်ငံအကြားရှိ နယ်စပ်မျဉ်းတစ်လျှောက်ကို အစ္စရေးအက်ဖ်-၁၆ စစ်လေယာဉ်က တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော် ဒဏ်ရာရရှိခြင်း မရှိကြောင်း ပါလက်စတိုင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုသည် အီဂျစ်နိုင်ငံမှ ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ မှောင်ခိုပစ္စည်းများနှင့် လောင်စာဆီများတင်သွင်းရန် ပါလက်စတိုင်းများ အသုံးပြုနေသော မြေအောက်လိုဏ်ခေါင်း ဒါဇင်များစွာရှိသည့် နယ်စပ်တစ်လျှောက် ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးတောင်ပိုင်းရှိ ဂါဇာဒေသမှ ဒုံးကျည်နှစ်စင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက စစ်သွေးကြွများ စတင်ပစ်ခတ်ပြီးနောက် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီဂျစ်နှင့် ဂါဇာနယ်စပ်ဒေသ၌ ဖြစ်ပေါ်နေသည့် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ၅၇ ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

တရုတ်နိုင်ငံအရှေ့မြောက်ဘက် ဟီယန်ကျင်းပြည်နယ်မြို့တော်၌ ဖေဖော်ဝါရီ ၂၃ ရက်က ကုန်ပဒေသာဆိုင်တစ်ခုမှ သရေစာ စားပြီးနောက် ၅၇ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဌာနတာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

အစာအဆိပ်သင့်မှုကြောင့် နာမကျန်းဖြစ်သည့် လူနာမည်မျှရှိသည် သို့မဟုတ် သေဆုံးသည်ကို ဖော်ပြခြင်းမရှိကြောင်း ဟာဘင်မြို့ ကျန်းမာရေးဗျူရိုမှ တာဝန်ရှိသူက ပြောကြားသည်။ ဆရာဝန်များ၏ ဆေးစမ်းသပ်ချက်အရ လူနာများသည် နိုက်ထရိတ်ဓာတ်ကြောင့် အစာအဆိပ်သင့်ခဲ့ရသည်ဟု သိရသည်။

အင်ဒိုနီးရှား၌ ပိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် အဖျားရောဂါဖြစ်ပွား

အပူပိုင်းဒေသ၌ ဖြစ်ပွားလေ့ရှိသော ပိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် အဖျားရောဂါတစ်မျိုးသည် အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်ဦးပိုင်းနှင့် ဖေဖော်ဝါရီ ၁၆ ရက်အတွင်း လူပေါင်း ၇၅၅ ဦးကို ကူးစက်ခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါရောဂါဖြစ်ပွားမှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး ယခုနှစ်စမှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆေးရုံ ၈၀ ၌ အဖျားရောဂါပိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာ ၄၄၅၈ ဦးအား တွေ့မြင်ခဲ့ကြောင်း ဂျကာတာပို့စ်က ဗုဒ္ဓဟူးနေ့သတင်းတွင် ဖော်ပြသည်။

တူရကီ၌ ဆေးခြောက် ၄၆၄ ဒသမ ၅ ကီလိုဖမ်းမိ

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်များတွင် ဆေးခြောက် ၄၆၄ ဒသမ ၅ ကီလိုဂရမ် ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းဌာနက ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အတွင်း ဒီယာဘာကီပြည်နယ် လိုင်ဆီမြို့၌ ဆေးခြောက် ၄၆၁ ကီလိုဂရမ်နှင့် ဂါဇိုင်းဓာတ်ပြည်နယ် အစ်လာဟီရီမြို့တွင် ဆေးခြောက် ၃ ဒသမ ၅ ကီလိုဂရမ်တို့အား တူရကီတပ်ဖွဲ့များက စစ်ဆင်ရေးပြုလုပ်စဉ် ဖမ်းဆီးရမိခြင်းဖြစ်သည်။ တူရကီနိုင်ငံသည် အနောက်ဥရောပဈေးကွက်များသို့ အရှေ့အလယ်ပိုင်းမှ မူးယစ်ဆေးဝါးများတင်သွင်းရာ အဓိကလမ်းကြောင်းတစ်ခု ဖြစ်လျက်ရှိသည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်

နာဆာအာကာသ လေ့လာရေးအဖွဲ့မှလွှတ်တင်သော ကမ္ဘာ့ဖန်လုံအိမ် အာနိသင်ရှိ ဓာတ်ငွေ့အခြေအနေ တိုင်းတာပေးမည့်ဂြိုဟ်တုကို ကယ်လီဖိုးနီးယားရှိ ဗင်ဒင်ဘတ်လေတပ်စခန်းမှ လွှတ်တင်လိုက်သည်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဆာ၏ ရာသီဥတုလေ့လာရေးဂြိုဟ်တုလွှတ်တင်မှု မအောင်မြင်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နိုင်ငံ အမျိုးသား လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)က ကမ္ဘာ့လေထုအတွင်း ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပမာဏကို တိုင်းတာရန် ရည်ရွယ်၍ လွှတ်တင်သောဂြိုဟ်တုသည် လွှတ်တင်ပြီး မကြာမီ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပျက်ကျသွားသည်။

ကာဗွန်လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တု(အိုစီအို)ကို အာကာသအတွင်းကိုးနှစ်စောင့်ကြည့်လေ့လာစေရန်ဟူသော အစီအစဉ်ဖြင့် လွှတ်တင်ခြင်းဖြစ်သော်လည်း ပစ်လွှတ်ပြီးနောက် ယင်းဂြိုဟ်တုသည် သတ်မှတ်ထားသည့်အတိုင်း ဒုံးယာဉ်မှ ကွာထွက်ခြင်းမရှိဘဲ အင်္ဂါနေ့က ပျက်ကျခဲ့ရခြင်းဖြစ်သည်။

ဝန်ချိန်အားဖြင့် ၄၄၇ ကီလိုဂရမ်လေးသောဂြိုဟ်တုကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒင်ဘတ်လေတပ် ပစ်လွှတ်ရေးစခန်းမှ ဒုံးယာဉ်ဖြင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ ၂၇၈ သန်း ကုန်ကျသည်။ အစီအစဉ်အောင်မြင်ပါက ထိုဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ၆၅၀မြင့်သော ပတ်လမ်းတွင် လှည့်ပတ်နေမည်ဖြစ်ပြီး ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များ မည်သည့်နေရာများမှစတင်၍ ဖြစ်ပွားသည်၊ ထိုဓာတ်ငွေ့ကို သစ်တောများနှင့်ပင်လယ် သမုဒ္ဒရာများက မည်မျှစုပ်ယူသည် စသည့်အချက်အလက်များကို စောင့်ကြည့်လေ့လာမည်ဖြစ်သည်။

ယင်းဂြိုဟ်တုကို သယ်ဆောင်သွားသော ဒုံးယာဉ်သည် ဟိုက်ဒြားဇင်းလောင်စာကို အသုံးပြုသော ဒုံးယာဉ်ဖြစ်သည်။ ထို့အပြင် အဆိုပါဂြိုဟ်တုကြောင့် ပတ်ဝန်းကျင်ကို တစ်စုံတစ်ရာထိခိုက်မည့် အန္တရာယ်မရှိကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ ကမ္ဘာကြီးကို ပူနွေးစေမည့် ဓာတ်ငွေ့များပျံ့လွင့်နေမှုကို လေ့လာမည့် ပထမဆုံးသောဂြိုဟ်တုကို ဂျပန်နိုင်ငံတွင် ဇန်နဝါရီလအတွင်းက အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

လက်ရှိအခြေအနေတွင် ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုဒ် ပျံ့လွင့်မှုကို လေ့လာရန် သိပ္ပံပညာရှင်များသည် မြေပြင်အခြေစိုက်စခန်းပေါင်း ၂၈၂ ခုနှင့် သိပ္ပံတိုင်းတာရေးလေယာဉ်များမှ ပြန်လည်ပေးပို့သော အချက်များပေါ်၌သာအားကိုး၍ လေ့လာနေရသည်။ လေထုအနိမ့်ပိုင်း လေ့လာမှုကိုသာ အားထားနေရသည်။

ကမ္ဘာဂြိုဟ် ပူနွေးလာစေရန်အတွက် အပူဓာတ်ကို အဓိက စုပ်ယူထားသည့် ဓာတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ဖြစ်သည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြသည်။ ***အင်တာနက်။***

အာဖဂန်တပ်ဖွဲ့များက စစ်သွေးကြွ ၁၀ဦးအား သတ်ဖြတ်

ကဘူး ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဥရုဇဂန်ပြည်နယ် ရှာဟတ်ဟက်ဆက်ခရိုင်တွင် ဖေဖော်ဝါရီ ၂၄ ရက်က အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက ထောက်ခံသည့် အာဖဂန်အမျိုးသားတပ်ဖွဲ့ (အေအင်အေ)သည် လက်နက်ကိုင် စစ်သွေးကြွ ၁၀ ဦးအား သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်နှင့် အာဖဂန်စစ်ဘက်တို့ ပူးပေါင်း၍ ပြုလုပ်သည့် ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့များ ကင်းလှည့်စဉ် စစ်သွေးကြွများက လက်နက်ငယ်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အာဖဂန်တပ်ဖွဲ့များက ပြန်လည်ပစ်ခတ်မှုကြောင့် စစ်သွေးကြွတစ်ဦး သေဆုံးခဲ့ကြောင်း၊ ယင်းနောက် လေကြောင်းပစ်ကူခေါ်ပြီး တိုက်ခိုက်ရာ စစ်သွေးကြွကိုးဦးကျော် သေဆုံးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ***အင်တာနက်။***

တူရကီလေယာဉ် အမ်စတာဒမ်တွင် လမ်းချော်

အမ်စတာဒမ် ဖေဖော်ဝါရီ ၂၆

ခရီးသည်၁၃၅ယောက် တင်ဆောင်လာသော တူရကီလေကြောင်းလိုင်းပိုင် လေယာဉ်သည် ခရီးစဉ်အမှတ် ၁၉၅၁ ဖြင့် အစ္စတန်ဘူလ်မှ အမ်စတာဒမ်သို့ ပျံသန်းလာရာ အမ်စတာဒမ်မြို့ ချီလ်ပိုလေဆိပ်သို့ နံနက် ၉ နာရီ မိနစ် ၃၀ က ဆင်းသက်စဉ် ပြေးလမ်းချော်သွားကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုတွင် ကိုးဦး သေဆုံးသွားပြီး အနည်းဆုံး လူ ၅၀ ဒဏ်ရာအနာတရ ဖြစ်ရကြောင်း တူရကီသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မှားဆင်း

လေယာဉ်သည် မြေပြင်ပေါ်အရောက်တွင် သုံးပိုင်းကျိုးသွားကြောင်း သိရသည်။ လေယာဉ်မှာ ပြေးလမ်းသို့ မရောက်မီ သုံးကီလိုမီတာခန့်အလိုတွင် မှားယွင်း၍ ဆင်းသက်မိခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ လေယာဉ်မတော်တဆမှုကြောင့် ပေါက်ကွဲမှုသော်လည်းကောင်း၊ လေယာဉ်မီးလောင်မှုသော်လည်းကောင်း ဖြစ်ပွားခြင်းမရှိခဲ့ပေ။ လေယာဉ်ပျက်စီးသွားသော်လည်း အခြေအနေမှာ လွန်စွာဆိုးရွားမှုမရှိကြောင်း၊ သို့သော်လေယာဉ်ဦးပိုင်းတွင် အနာတရဖြစ်သူများ ရှိနိုင်သည်ဟု ဘေးမသီရန်မခ လွတ်မြောက်လာသူ ခရီးသည်တစ်ဦးက ပြောကြားသည်။

အင်တာနက်။

ဆိုမာလီတွင် အစိုးရတပ်ဖွဲ့များနှင့် မကြာခဏ တိုက်ခိုက်မှုဖြစ်ပွားသော အယ်လ်ရှာဘတ် လက်နက်ကိုင် သူပုန်အဖွဲ့မှ အဖွဲ့ဝင်အချို့ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်နိုင်ငံ အမ်စတာဒမ်လေဆိပ်တွင် ပြေးလမ်းချော်ကာ ပျက်စီးသွားသည့် တူရကီလေကြောင်းလိုင်းပိုင် လေယာဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရခိုင်ပြည်နယ်အတွင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ သံတွဲမြို့နှင့် အမ်းမြို့၌ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ တပ်ဆင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ကျင်းပသည့် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်တီးခတ်၍ ဖွင့်လှစ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ထပ်ဆင့်လွှင့်စက်ရုံအတွင်းမှ သံတွဲမြို့အနီးတစ်ဝိုက် ဒေသများသို့ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံနှင့် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်တို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် MRTV-4 နှင့် ဆက်စပ် ရုပ်သံလိုင်းများအား သံတွဲဒေသတစ်ဝိုက် အရုပ်အသံကြည်လင်စွာဖမ်းယူရရှိရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လွှင့်နိုင်ရေးနှင့် စက်ကြွခိုင်မှုထိန်းသိမ်းရေးတို့ကို မှာကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ရခိုင်ပြည်နယ် အမ်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌လည်း MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ပြီး အမ်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ ထုတ်လွှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်တင်လှိုင်က သံတွဲမြို့နှင့် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာအဆိုပါ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများတပ်ဆင် ထုတ်လွှင့်ခြင်းများကို စစ်တွေမြို့၊ သံတွဲမြို့နှင့် အမ်းမြို့များ၌ ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ထုတ်လွှင့်ဆဲစက်ရုံများ၌ လွှင့်အားမြှင့်စက်အသစ်များ ပြောင်းလဲတိုးမြှင့် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်တို့ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲမြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Myanmar Amateur Open 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် (H'Cap 0-12) ရှိရမည်ဖြစ်ပြီး မတ် ၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ကွင်း ကိုးမိုင် ဖုန်း- ၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁နှင့် ရန်ကုန်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်ကြေးဖြင့် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကြံပြုလွှာများအတွက် လက်ဆောင်ချီးမြှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော အစီအစဉ်များအပေါ် ပရိသတ်အကြံပြုလွှာများနှင့်ပတ်သက်၍ ပြည့်စုံစွာ ဖော်ပြထည့်သွင်းပေးပို့ခဲ့သည့် အကြံပြုလွှာ ၁၅၃ စောင်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကံစမ်းမဲဖွင့်ခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ဆက်စပ်ရုပ်/သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်မည့် Family Box နှင့် ခြောက်လ အခမဲ့ကြည့်ရှုခွင့် ဆုမဲများပေါက်ခဲ့သူ ၁၀ ဦးတို့မှာ ဦးဝဏ္ဏဝေ ငွေရောင်ခြည်ကဖေး သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်(၁၀)ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ် ရန်ကုန်၊ ဦးမောင်အောင် အမှတ်(၃) ဂန္ဓမာလမ်း ငွေကြာရံရိပ်သာ ပါရမီ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်၊ မောင်အောင်ပြည့်ဟိန်း အမှတ်(၆၅) မင်းလမ်းရိပ်သာရပ်ကွက် လှည်းကူးမြို့နယ် ရန်ကုန်တိုင်း၊ မဇန်နဝါအောင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မုံရွာခရိုင် မုံရွာမြို့၊ ဒေါ်ခင်မြ အမှတ်(၆၆/ခ) ၆/၁၁ ရပ်ကွက် စစ်တောင်းလမ်း ရွှေပြည်သာမြို့နယ် ရန်ကုန်၊ မခင်ခင်ဆွိ အမှတ်(၂၂) စကားဝါလမ်း ဈေးရပ်ကွက် ထောက်ကြန့်မြို့ မင်္ဂလာဒုံမြို့နယ် ရန်ကုန်၊ ဒေါ်အေးရီ အမှတ်(၂၃-ခ) သာစည်လမ်း (၁၃)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်၊ဒေါ်မြင့်မြင့်မော် အမှတ်(၂၄) ဘုရင့်နောင် (၉)လမ်း ရန်ကုန်သစ် ရပ်ကွက် သုဝဏ္ဏသယ်န်းကျွန်းမြို့နယ် ရန်ကုန်၊ ဦးရွှေဘသိန်း အမှတ်(၁၇၇) စက်လမ်း (၄)ရပ်ကွက်မှော်ဘီမြို့နယ် ရန်ကုန်၊ ဒေါ်သန်းသန်းအေး တိုက်(၁၁)အခန်း(၀၀၆) အေးရိပ်မွန် အိမ်ရာ(၄)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တို့ ဖြစ်ကြောင်းနှင့် ဆုမဲများထုတ်ယူရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း -၀၆၇-၇၉၁၈၅ သို့လည်းကောင်း၊ Forever Group Co., Ltd. ဖုန်း - ၀၁- ၅၃၅၈၄၁ သို့ လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အ င် တာ န က် ဘူ မိ သိ ပ္ပံ သ တ င်း

အလာစကာ ကမ်းရိုးတန်းနယ်မြေအချို့ ပင်လယ်အတွင်းသို့ ပိုမိုမျောပါနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော အလာစကာပြည်နယ်၏ ပင်လယ်ကမ်းရိုး တန်းနယ်မြေအချို့သည် ပင်လယ်တွင်းသို့ ပိုမိုမျောပါလျက်ရှိရာ အာတိတ်စက်ဝန်းဒေသ၏ ကမ်းရိုးတန်းမျဉ်းကြောင်းကို ပုံသဏ္ဍာန်ပြောင်းလဲစေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အလာစကာပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းနယ်မြေ ပင်လယ်တွင်းသို့ မျောပါသည့်နှုန်းမှာ ယခင်ကထက် ယခုအခါ နှစ်ဆပိုမိုများပြားလာကြောင်း၊ ကမ်းရိုးတန်းနယ်မြေ ပိုမိုကျုံ့လာခြင်းဖြင့် ရိန်းဒီးယားသမင်ကြီးများနှင့် အခြားတောရိုင်း တိရစ္ဆာန်များ၏ ကျက်စားရာဒေသကို ထိခိုက်လာနိုင်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနမှ သုတေသီ ဘင်ဂျမင်ဂျုံးက ပြောကြားသည်။

အာတိတ်သမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့်ဗျူးဖို့ပင်လယ်(Beaufort Sea) နှင့် ထိစပ်နေသော အလာစကာမြောက်ပိုင်း ကမ်းရိုးတန်း နယ်မြေအချို့သည် ၂၀၀၇ ခုနှစ် နွေရာသီကာလ တစ်ခုတည်းမှာပင် ပေ ၈၀ ကျော် မျောပါသွားခဲ့ကြောင်း ၎င်းကပြောကြားသည်။ ယေဘုယျအားဖြင့် အင်အားပြင်းထန်သော မုန်တိုင်းများကြောင့် မြေလွှာ တိုက်စားခံရမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ သို့ရာတွင် ၂၀၀၇ခုနှစ်အတွင်း မည်သည့်အင်အားပြင်းထန်သော မုန်တိုင်းမျှ တိုက်ခတ်ခဲ့ခြင်း မရှိကြောင်း ဂျုံးက ပြောကြားသည်။

အလာစကာပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းနယ်မြေအချို့ ပင်လယ်တွင်းသို့ မျောပါရခြင်းမှာ ကမ္ဘာကြီးပူနွေးမှုနှင့် ဆက်စပ်နေသည်ဟု သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

ပူနွေးလာသောလေနှင့် ပင်လယ်ပြင် အပူချိန် ပြောင်းလဲမှုတို့ကြောင့် ထာဝရ အေးခဲနေသော မြေသားလွှာ(Permafrost)၏ ရေခဲပြင်မှာ အရည်ပျော်လာပြီး ကမ်းရိုးတန်းနယ်မြေအချို့ တိုက်စားခံရမှု ဖြစ်ပေါ်ရသည်ဆို၏။

၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရေခဲအရည်ပျော်မှုကြောင့် ကမ်းရိုးတန်းနယ်မြေဆုံးရှုံးရမှုမှာ တစ်နှစ်လျှင်ပျမ်းမျှ ၄၅ ပေခန့်ဖြစ်သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကာလကမူ ကမ်းရိုးတန်းနယ်မြေ တိုက်စားခံရမှုမှာ တစ်နှစ်လျှင် ပေ ၂၀ ခန့်မျှသာ ရှိခဲ့သည်။

မြောက်အမေရိကတိုက်၏ အနောက်မြောက်ဘက်စွန်းရှိ အလာစကာပြည်နယ်၏ နယ်မြေ သုံးပုံတစ်ပုံခန့်မှာ အာတိတ်စက်ဝန်းအတွင်း တည်ရှိသည်။ ယင်းပြည်နယ်၏ ကမ်းရိုးတန်းဒေသမှာ မိုင် ၆၆၀၀ ကျော် ရှည်လျားသည်။

အင်တာနက်။

ဘာသာပြန် - စံစံ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အလှုသုံးမျိုး"တရားတော် (ဓမ္မေခ-ဆရာတော်အရှင်ကုဝေရသာရ)
၈း၀၅ - ၂း၀၅	နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၈း၁၅ - ၂း၁၅	VJ Choice
၈း၄၀ - ၂း၄၀	Activities In The City [မင်္ဂလာရွှေမောင်းရဲ့သိန်း (၁၀၀၀)ဆုရှင်အား ဂုဏ်ပြုပွဲအခမ်းအနား]
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ဟန်ကျတဲ့စံပြစိုက်ပျိုးရေးအထူးဇုန်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	Art Vision (PANN AYEYAR)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	ယနေ့ သိပ္ပံနှင့်နည်းပညာ
၁၀း၅၀ - ၄း၅၀	လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂)
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ပိတုန်းရောင်ကေသာဦးအတွက်. . .
၁၂း၀၀ - ၆း၀၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (အရိုး၏လူလည်အာရှသားစီးရီးမိတ်ဆက်ပွဲ)
၁၂း၂၅ - ၆း၂၅	ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	Shopping Guide (ရွှေပြည်တန်ပိုးထည်တိုက်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မျက်စိကို ဘယ်လိုဂရုစိုက်ကြမလဲ

ဒေါက်တာကံညွန့်

ကျွန်တော့်ထံ တပည့်ဆရာဝန်တစ်ဦးက သူ့သမီးကလေး၏ မျက်စိလာပြပါသည်။ သူ့သမီးလေးမှာ (၉) တန်း ကျောင်းသူဖြစ်ကြောင်း၊ စာဖတ်ပြီးလျှင် မျက်စိကို ခဏခဏပွတ်နေကြောင်း၊ မျက်စိတစ်ဖက်၊ ခေါင်းတစ်ခြမ်းကလည်း ခဏခဏကိုက်၍ စာကြာကြာ မဖတ်နိုင်ကြောင်း၊ နောင်နှစ် (၁၀)တန်းဆိုလျှင် ပိုဖတ်ရတော့မှာကြောင့် မျက်စိလာပြရကြောင်း ပြောပြပါသည်။

"ယခင်က မျက်စိဆရာဝန်နှင့် ပြဖူးသလား"ဟု မေးကြည့်ရာ တစ်ခါမှမပြဖူးကြောင်း ပြောပါသည်။သို့နှင့် ပထမဦးစွာ အမြင်စွမ်းအား စမ်းကြည့်ရာမျက်စိနှစ်ဖက်မှာ တစ်ဖက်နှင့်တစ်ဖက် အမြင်ချင်းမတူဘဲ တစ်ဖက်သည် အပေါ်ဆုံးစာကြောင်းသာမြင်ရပြီး နောက်တစ်ဖက်မှာ အောက်ဆုံးကြောင်း အပေါ်ထိသာ မြင်ရပါသည်။ သို့နှင့် ရောဂါတစ်ခုခုရှိမရှိ စမ်းသပ်ပြီး(Pin hole)ခေါ် ပင်အပ်ခေါင်းအရွယ် အပေါက်ကလေးမှ အမြင်စွမ်းအား chart အား ကြည့်ခိုင်းလိုက်ရာ ယခင်အပေါ်ဆုံးသာ မြင်ရသောဘက်မှ လေးကြောင်းခန့်မြင်လာပြီး နောက်တစ်ဖက်ကမူ အောက်ဆုံးကြောင်းထိ မြင်လာနိုင်တော့သည်။

သို့နှင့် မျက်မှန်စမ်းကြည့်လိုက်ရာ မျက်စိနှစ်ဖက်စလုံးမှာ အဝေးမှုန်မျက်မှန်တပ်ရမည့်သူဖြစ်ပြီး တိုင်း၍ရသောမျက်မှန်ကို တပ်လိုက်သောအခါ တစ်ဖက်က အောက်ဆုံးကြောင်းထိမြင်ရသော်လည်း ယခင်အပေါ်ဆုံးစာကြောင်းသာ မြင်ရသည့်ဘက်ကမူ မျက်မှန်တပ်ဆင်သော်လည်း လေးကြောင်းထက် ပိုမမြင်နိုင်တော့သည်ကို တွေ့ရပါသည်။

ဖခင် ဆရာဝန်ကို ထိုသို့ဖြစ်ခြင်းမှာ ငယ်စဉ်ကပင် မျက်မှန်တပ်ရန်လိုကြောင်း၊ အနည်းဆုံး ခုနစ်နှစ်အရွယ်လောက်ကစ၍ မျက်မှန်မတပ်လိုက်သဖြင့် ထိုသို့ဖြစ်ရကြောင်း၊ သမီးလေးမှာ တစ်ဖက်မျက်စိက အကောင်းနီးပါးဖြစ်သဖြင့် တစ်ချိန်လုံး ယင်းမျက်စိကိုသာ အသုံးပြုပြီး ကျန်မျက်စိတစ်ဖက်ကို အသုံးမပြုတော့ကြောင်း၊ ထို့ကြောင့် မျက်စိသည် မျက်မှန် ဘယ်လောက်ပင်တပ်တပ် အမြင်အာရုံ ပကတိ ပြန်မကောင်းနိုင်တော့ကြောင်း၊ ယင်းကိုမျက်ကြောသေရောဂါ(Amblyopia) ဟုခေါ်ကြောင်း၊ သမီးလေးမှာ ကောင်းသည့် မျက်စိတစ်ဖက်ကိုသာ အသုံးပြုနေပြီး တစ်ဖက်ကလည်း မျက်မှန်ပါဝါ အနည်းငယ်လိုလာသဖြင့် ကြာကြာအာရုံစိုက်ရပြီး စာဖတ်လိုက်သောအခါ မျက်စိကိုက်ခြင်း၊ ယားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်းတို့ ဖြစ်ပေါ်ကြောင်း ရှင်းပြရတော့သည်။

ကျန်းမာရေး ဝန်ထမ်းတစ်ဦးဖြစ်သည့် ဆရာဝန်တစ်ဦးကပင် ကိုယ့်ကလေးကိုမျက်စိစမ်းရန် သတိမထားဘဲ အမှုမဲ့အမှတ်မဲ့နေလိုက်မိလျှင် ကျန်တဲ့လူတွေမှာ ပိုဆိုးမှာပဲဟု တွေးမိပြီး မျက်စိကို ဘယ်လို ဂရုစိုက်ရမလဲ၊ သတိထားလိုသူများ သတိထားနိုင်အောင် ဤဆောင်းပါးကို ရေးလိုက်ရပါသည်။

အမှန်တော့ ကိုယ့်ကလေးမျက်စိကို ဂရုမစိုက်ဘဲ ဘယ်သူနေချင်ပါ့မလဲ၊ အလုပ်အကိုင် အခြေအနေ အရပ်ရပ်၊ အကြောင်းကြောင်းကြောင့်သာ ဂရုမစိုက်ဘဲနေကြရတာဖြစ်ပါသည်။ တချို့ကလဲ ဂရုစိုက်ချင်ပေမယ့် ဘယ်လိုဂရုစိုက်ရမလဲ မသိတာကြောင့် ဖြစ်ပါသည်။

ယခု ကျွန်တော့်ဆောင်းပါးတွင် ကလေးအရွယ်နှင့် လူကြီးပိုင်း ဂရုစိုက်ရမည့် အချက်များကို နှစ်ပိုင်းခွဲ တင်ပြပါမည်။

ကလေးအရွယ်တွင် မွေးစကလေးအား မွေးပြီးရက်ပိုင်းအတွင်းမှာပင် မျက်စိကို စစ်ဆေးကြည့်ရန်လိုပါသည်။ ယင်းမှာ ဆေးရုံဆေးပေးခန်းများ၊ ရပ်ကွက်သားဖွားဆရာမများနှင့် မွေးသူတို့က ကြည့်ရှုပေးပြီးဖြစ်ပါသည်။အရပ်လက်သည်နှင့်မွေးသူတို့သာ သင့်တော်သော ဆရာဝန်၊ ဆရာမတစ်ဦးနှင့်ပြသင့်ပါသည်။ ကလေးခြောက်လအရွယ်တွင် မျက်စိသည် လိုက်ကြည့်တတ်ပြီး တစ်နှစ်ခန့်တွင် မျက်စိသည် ပုံမှန်ဖြစ်နေပါသည်။ မျက်စိသည် အတွင်းစွေခြင်း၊အပြင်စွေခြင်း၊ မျက်သူငယ်အိမ်တွင်အဖြူစက်ပေါ်လာခြင်းတို့ တစ်ခါတစ်ခါ မျက်တောင်မွေး အထဲဝင်၍ မျက်ဝတ်ထွက်၊ မျက်ရည်ထွက်ခြင်း ရှိတတ်ပါသည်။ ထိုအချိန်တွင် မျက်စိဆရာဝန်နှင့် ပြသင့်ပါသည်။ ထိုသို့မဟုတ်ပါက ပြစရာမလိုပါ။

ထို့နောက် ကလေးလေးနှစ်၊ ငါးနှစ်အရွယ်တွင် အမြင်အာရုံနှင့် အမြင်စွမ်းအား စမ်းခြင်းကို မျက်စိဆရာဝန်နှင့်ပြသင့်ပါသည်။ မျက်စိဆရာဝန်နှင့် ဝေးကွာသည့် ကလေးများအတွက် အမြင်စွမ်းအားစမ်းခြင်းကို ကျောင်းကျန်းမာရေး ဆရာဝန်များ၊ ဆရာမများကပြုလုပ်ပြီး အမြင်စွမ်းအားနည်းကြောင်း တွေ့ရှိမှသာ မျက်စိဆရာဝန်ထံ ပြသသင့်ပါသည်။ ယင်းအချိန်တွင် မျက်မှန်လို၍ မျက်စိမှုန်ခြင်း၊ မျက်စိနီခြင်း၊ ကိုက်ခြင်း၊ ရုတ်တရက် မှုန်သွားခြင်း ဖြစ်ပါကလည်း မျက်စိဆရာဝန်ထံ ချက်ချင်းပြသင့်ပါသည်။ မျက်စိမှုန်ခြင်းအပြင် မျက်စိစွေစောင်း ရောဂါကိုလည်း စမ်းသပ်နိုင်ပြီး ရှိနေပါက ကုသမှုကို ယင်းအရွယ်ကပင် ခံယူသင့်ပါသည်။ ယင်းသို့ခံယူမှသာ ကျွန်တော်၏ တပည့်ဆရာဝန်၏ သမီးလေးကဲ့သို့ (Amblyopia) ဖြစ်ခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရခြင်းသည် ကလေးအရွယ်၌ အဖြစ် များတတ်သဖြင့် ကလေးများအား ချွန်ထက်သော အရာများဖြင့် ဆော့ကစားခြင်း မပြုရန်ကိုလည်း မိဘဆရာများက သတိထားသင့်ပါသည်။

အစားအသောက်အနေဖြင့် ကလေးအရွယ်ကပင် နေ့စဉ် နွားနို့တိုက်ခြင်း၊ ပဲပြုတ်၊ ကြက်ဥကျွေးခြင်း၊ ရွှေဖရုံသီး၊ ကန်စွန်းဥတို့ကဲ့သို့ ဝါသော အသီးအနှံများ ကျွေးခြင်းကို နေ့စဉ်မဟုတ်ပေမယ့် တစ်ပတ်နှစ်ခါလောက် အနည်းဆုံး ကျွေးသင့်ပါသည်။

သာမန်ကလေးတိုင်းကို ငါးနှစ်၊ ခုနစ်နှစ်၊ ၁၀နှစ်၊ ၁၅နှစ် အရွယ်တို့တွင် မျက်စိဆရာဝန်နှင့် ပြနိုင်ပါက ပိုကောင်းပါသည်။

သို့သော် မိခင်၊ ဖခင်တစ်ဦးဦး၌ အဝေးမှုန်၊ အနီးမှုန် ရောဂါရှိခြင်း(ငယ်စဉ်ကပင် မျက်မှန်တပ်ရခြင်း)၊ ညမမြင်ရောဂါရှိခြင်း၊ ကလေး၏မောင်နှမမွေးချင်းထဲတွင် မျက်စိကင်ဆာရောဂါရှိခဲ့ဖူးခြင်းများရှိလျှင် နှစ်နှစ်တစ်ကြိမ် ပုံမှန် စမ်းသပ်သင့်ပါသည်။

နောက် သတိထားရန်အချက်မှာ ကလေးသည် မျက်တောင်ခဏခဏခတ်ခြင်း၊ မျက်စိယားခြင်း၊ မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်း၊ စာဖတ်လျှင် အိပ်ငိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တီဗွီကြည့်လျှင် အနီးကပ်ကြည့်ခြင်း စသည်တို့ဖြစ်ပါက မျက်စိဆရာဝန်နှင့်အချိန်မရွေး ပြသသင့်ပါသည်။

လူကြီးများအတွက် အသက် ၄၀ ခန့်တွင် လူတိုင်း မျက်စိပြသင့်ပါသည်။ သက်ကြီးအနီးမှုန် မျက်စိရောဂါသည် ထိုအရွယ်တွင် စတင်၍ လူတိုင်း အနီးကြည့်ရန်၊ စာဖတ်ရန် မျက်မှန်လိုတတ်ပါသည်။ ထိုအချိန်တွင် လိုအပ်သော မျက်မှန်ကိုစမ်းရင်း မျက်စိရောဂါရှိ၊ မရှိ တစ်ကြိမ်စမ်းသင့်ပါသည်။ ထိုအရွယ်မှစ၍ ပုံရိပ်နှစ်ရိပ်ဖြစ်ခြင်း၊ မိတ်ဆွေသင်္ဂဟများ၏ မျက်နှာကိုကြည့်လိုက်တိုင်း အမည်းရိပ်ထင်ပြီး သဲကွဲစွာမမြင်ခြင်း၊ ပုံရိပ်ရွဲ့စောင်းခြင်း၊ စာဖတ်ခက်ခြင်း၊ မြင်ကွင်းချို့ယွင်းခြင်း၊ မြင်ကွင်း ကျဉ်းလာခြင်း၊ မြင်ကွင်းတွင် အမည်းစက်များမြင်ခြင်း၊ နှင်းကျသကဲ့သို့ မြင်ခြင်း၊ အရိပ်များဖြစ်ခြင်း၊ လျှပ်စီးလက်သကဲ့သို့ မြင်ခြင်းစသည်တို့ရှိပါမူ မျက်စိဆရာဝန်ထံ အချိန်မရွေးပြသင့်ပါသည်။ မျက်စိနီခြင်း၊ ကိုက်ခြင်း၊ ရုတ်တရက် မှုန်သွားခြင်းများ ဖြစ်ပါကလည်း မျက်စိဆရာဝန်ထံ ချက်ချင်းပြသသင့်ပါသည်။

ထို့ပြင် အသက် ၄၅ နှစ် ကျော်သူတိုင်း သွေးတိုး၊ ဆီးချိုရောဂါ ရှိ၊ မရှိ စမ်းသပ်၍ ရှိပါက ကုသမှုခံယူသင့်ကြပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါသည် မျက်စိ ရုတ်တရက် ကွယ်သွားခြင်းကို ဖြစ်စေနိုင်သဖြင့် မျက်စိ အမြင်အာရုံ စောင့်ထိန်းရေးတွင် အထူးအရေးပါသော ကိစ္စ တစ်ရပ်ဖြစ်ပါသည်။ သွေးတိုး၊ ဆီးချို ရှိမှန်းမသိဘဲ ယင်း ရောဂါတစ်ခုခုကြောင့် မျက်စိတစ်ဖက်ပြုန်းခနဲ ကွယ်သွားတော့မှ ရောက်လာတတ်သည့် အသက် ၅၀ ကျော်လူနာအများအပြားကို တွေ့ရတတ်၍ ဖြစ်ပါသည်။

သာမန်လူများအတွက် အသက် ၄၀ ကျော်သူတိုင်း အနည်းဆုံး နှစ်နှစ်တစ်ကြိမ် မျက်စိဆရာဝန်ထံ စမ်းသပ်မှု ခံယူသင့်ပါသည်။

အသက် ၅၀ ကျော်သူများအတွက် တစ်နှစ်တစ်ကြိမ် စမ်းသပ်မှုခံယူသင့်ပြီး သွေးတိုး၊ ဆီးချိုရောဂါရှိသူများ၊ အဖေနှင့် အမေတွင် ရေတိမ်၊ အတွင်းတိမ်ရှိသူများ အတွက်မူ ခြောက်လတစ်ကြိမ် စမ်းသပ်မှုခံယူသင့်ကြပါသည်။

နေပူထဲတွင်အလုပ်လုပ်ရသူများ၊ဂဟေမီးနှင့် အလုပ်လုပ်ရသူများ၊ တွင်ခုံလုပ်ရသူများအတွက်မူ နေကာမျက်မှန်၊ ဖိုင်ဘာ ကာဘာမျက်မှန်ကို အမြဲတပ်ဆင်အသုံးပြုသင့်ပါသည်။ တချို့နေပူမြင့်ချိန်တွင် ဂေါက်သီးကစားသူများလည်း နေကာမျက်မှန် တပ်ဆင်သင့်ပါသည်။ နေကာမျက်မှန်သည် နေရောင်ထွက်လာသည့် Ultra Violet Ray ကို မျက်စိထဲသို့ တိုက်ရိုက် ဝင်ခြင်းမှ ကာကွယ်ပြီး သဲ၊ ဖုန်၊အမှိုက်ဝင်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ နေရောင်မှလာသော Ultra Violet Ray ဝင်ခြင်းဖြင့် မျက်စိအတွင်းတိမ်ရောဂါ ဖြစ်ခြင်း၊ မျက်စိအာရုံလွှာရောင်ရမ်းခြင်း၊ မျက်ခမ်းကင်ဆာဖြစ်ခြင်းတို့မှ ကာကွယ်နိုင်ပါသည်။ ယခု UV Protect နေကာမျက်မှန်များ ဈေးကွက်ထဲတွင်ရှိပြီး နိုင်ငံတကာတွင် တွင်ကျယ်စွာ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

မျက်စိရောဂါကာကွယ်ရေးနှင့် မျက်စိကျန်းမာရေး အတွက် အစားအသောက်အနေနှင့်လည်း ကြက်ဥ၊ မြေပဲ၊ နွားနို့၊ အသား၊ ငါးအပြင် စိမ်းလန်းသောဟင်းသီးဟင်းရွက်၊ အဝါရောင်ရှိသောအသီးအနှံ၊ Vitamin E, B,C,Zinc နှင့် Selenium, β Carotene ပါသော အားဆေးများ စားသုံးသင့်ပါသည်။ ကလေးမိဘများ အနေဖြင့်ဆောင်းပါးအစက ဖော်ပြခဲ့သည့် ဆရာဝန်၏ သမီးလေးကဲ့သို့ Amblyopia ဝေဒနာ မခံစားရအောင် အောက်ပါကဗျာလေးကိုဖတ်၍ သတိထားလိုက်နာကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

ကျောင်းတက်စအရွယ်မှာ
မျက်စိကို တစ်ဖက်ပိတ်၍ တစ်ဖက်နှင့်
စမ်းကြည့်ပါ
အမြင်အာရုံတစ်ဖက်စီက
ကောင်းတာချင်း တူရမည်သာ
တစ်ဖက်မှာ မှုန်ဝါးနေက
ချက်ချင်းပင် ဆရာမကို
မျက်စိဌာန၊ မြန်မြန်ပြဖို့
ပြောကြပါစို့။

သာမန်လူများအတွက် အသက် ၄၀ ကျော်သူတိုင်း အနည်းဆုံး နှစ်နှစ်တစ်ကြိမ် မျက်စိဆရာဝန်ထံ စမ်းသပ်မှု ခံယူသင့်...

အသက် ၅၀ ကျော်သူများအတွက် တစ်နှစ်တစ်ကြိမ် စမ်းသပ်မှုခံယူသင့်ပြီး သွေးတိုး၊ ဆီးချိုရောဂါရှိသူများ၊ အဖေနှင့် အမေတွင် ရေတိမ်၊ အတွင်းတိမ်ရှိသူများအတွက်မူ ခြောက်လတစ်ကြိမ် စမ်းသပ်မှုခံယူသင့်...

ရန်ကုန်တိုင်းစာရင်းရုံးမိသားစု သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းစာရင်းရုံးမိသားစု သွေးလှူရှင်များ၏ သတ္တမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀နာရီတွင် အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၃၀ လာရောက်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲသို့ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ သွေးလှူရှင် ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် တာဝန်ရှိသူများက သွေးလှူရှင်များကို အားပေးကူညီခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ပိုင်ရေစက်ရုံများ မော်တာ၊ ကွန်ပရက်ဆာပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မော်လမြိုင် အလုပ်သမားဘောလုံးအသင်းနှင့် မော်လမြိုင်တက္ကသိုလ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီကကြီးမှူး၍ ဝါရင့်လက်ရွေးစင်ဘောလုံးသမားဟောင်းများပါဝင်သည့် မော်လမြိုင် အလုပ်သမားဘောလုံးအသင်းနှင့် တက္ကသိုလ်ပွဲစဉ်များအလိုက် လက်ရွေးစင်ဘောလုံးသမားဟောင်းများ ပါဝင်သည့် မော်လမြိုင်တက္ကသိုလ် ဘောလုံးအသင်းတို့သည် မတ် ၁ ရက် ညနေ ၄ နာရီတွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏အသင်းသားစုံညီအစည်းအဝေးကို မတ် ၈ရက် နံနက် ၉နာရီတွင် အသင်းရုံးတည်ရှိရာ အခန်းအမှတ်(၀၀၁)၊ တိုက်အမှတ်-၁၄(အေ-ဘီ)၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဖုန်း-၀၁-၅၄၉၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။နံနက်ခင်းသတင်း
၇:၄၀ ၄။အကပြိုင်ပွဲ
၇:၅၀ ၅။သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။အတီးပြိုင်ပွဲ
၈:၀၅ ၇။နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၅ ၈။ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၃၀ ၉။International News
၈:၄၀ ၁၀။**"အလျော်အစား" (အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်)(ဒါရိုက်တာ ကျော်ဇောလင်း)**
၈:၅၀ ၁၁။တေးဂီတအစီအစဉ်
၉:၀၀ ၁၂။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။လက်ဆင့်ကမ်းပေးဂီတတေး
၄:၁၅ ၃။ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၄။မြန်မာစာ၊ မြန်မာစကား
၄:၄၀ ၅။နှောင်းခေတ် တေးပဒေသာ
၄:၅၀ ၆။**၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်) (အပိုင်း-က)**
၅:၀၀ ၇။မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၈။**"ဆီးချိုသွေးချိုကာကွယ်ပါ" (ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]**
၅:၄၀ ၉။အကပြိုင်ပွဲ
၅:၄၅ ၁၀။တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ညနေခင်းသတင်း
၆:၃၀ ၁၂။မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။**နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှန်တိုင်း" (အပိုင်း-၅၆)**
၈:၀၀ ၁၅။ပြည်တွင်းသတင်း
၁၆။နိုင်ငံတကာသတင်းများ
၁၇။မိုးလေဝသအခြေအနေ
၁၈။**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၄)**
၁၉။အစီအစဉ်ပြီး၏။

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ညွှေ့အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electronic Import & Export Corporation (CEIEC) မှ Mr.Cong Ya Dong နှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံကြပြီး ရေအားလျှပ်စစ် စီမံကိန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electronic Import & Export Corporation (CEIEC) မှ Mr.Cong Ya Dong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ပြည်တော်သာရပ်ကွက် ရေစင်(၅)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရောဝတီတိုင်းပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဧရာဝတီတိုင်းရုံး ပုသိမ်မြို့၌ ကျင်းပသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝန်ကြီး၏ မှာကြားချက်များဖြစ်သည့် ၂၀၀၉-၂၀၁၀ ရည်မှန်းချက်တာဝန်များ၊ ဦးစီးဌာနအတွက် ချမှတ်ပေးသည့်လုပ်ငန်းတာဝန် (၁၁)ရပ်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်ငါးရပ်နှင့် အညီဆောင်ရွက်ရေး၊ စာဖတ်သူတိုးပွားရေး၊ စာငှားကတ်စနစ် ကျင့်သုံးလိုက်နာရေး၊ ဝန်ထမ်းများအရည်အသွေး မြင့်မားရေး စသည့်ညွှန်ကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားကြောင်း သိရသည်။

ချီးမြှင့်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းများ ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးရာ ဆွေးနွေးတင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဆုရရှိသည့် ခရိုင်နှင့်မြို့နယ် ရုံးများအား ဆုများ ထပ်ဆင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ခရိုင်ပြန်/ဆက်)

စံ(၅)ရပ်နှင့်အညီ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

Original Group ကုမ္ပဏီမှ ဦးသာဌေး-ဒေါ်ကြည်ခင်တို့က နေပြည်တော် တပ်ကုန်းရှိ ကံလှကျေးရွာ၊ ဘူတာကျေးရွာ၊ နန်းသြကျေးရွာနှင့် နောင်သခ်ီကျေးရွာများ၌စာကြည့်တိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် နောင်သခ်ီကျေးရွာ မြတ်စွယ်တော် စာကြည့်တိုက်၌ ကျင်းပသည်။

အလှူငွေ ပေးအပ်လှူဒါန်းပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ကျေးရွာစာကြည့်တိုက်များကို ပြန်ကြားရေးဝန်ကြီးဌာန၏ စံ(၅)ရပ်နှင့် အညီ ဆောက်လုပ်ရေး ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးလက်ရေပေးရေးဆောင်ရွက်

ဖားကန့် ဖေဖော်ဝါရီ ၂၀

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ဆည်ဇင်းကျေးရွာ ရေပေးရေးလုပ်ငန်းမှ ရေစုကန်ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးနိုင်ထွန်းလှိုင် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့တွင်း အဝေးပြေးကားဂိတ်များ၌ အမှိုက်မပစ်ရေး စည်းရုံးဆောင်ရွက်မှုများကို မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး(ဒုတိယညွှန်ကြားရေးမှူး) နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂၁ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ခနဲ့ချောင်းကျေးရွာ အဝင်လမ်း ပေအရှည် (၆၅၀၀'× ၁၀' -၇")အား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းဝင်းနှင့်အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲကျင်းပ

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ပန်းဘဲတန်းမြို့နယ် (၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ "အရုဏ်ဦး" စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၀ ၈။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ အပိုင်း-က)
၅း၃၅ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၀ ၁၀။ ဇွတ်မမိုက်နဲ့ဝင်မှုလိုက်မယ်
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်း စကား
၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၁၀)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေး ကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) အတ္တအခင်းအကျင်း အပိုင်း(၂) နောင်နောင် (ဆန်းဖလားဝါး)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား(အပိုင်း-၂၉)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။





ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူတော်မူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်ကြီးများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း(၇)အပိုဒ်-၅၆ (ဂ)အရ ဆောင်ရွက်ရန် ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆဋ္ဌအကြိမ် ပဋ္ဌမ(လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျှာထား အတည်ပြုပြင့်ဆောင်ရန် ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင်ဆရာတော်ကြီးများက "ဇယန္တောဗောဓိယာမူလေ" အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယနေ့အစည်းအဝေး ဒုတိယနေ့သို့ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ အလှူရှင် ဦးစစ်ငွေ-ဒေါ်အင်ကြည် (မြဘုရင်နို့ဆီ)မိသားစုက နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ယနေ့ကမ္ဘာပေါ်တွင် တိုင်းပြည်ပြိုကွဲသဖြင့် ဒုက္ခပင်လယ်ဝေကြရသည့် တိုင်းပြည်နှင့် ပြည်သူများကို တွေ့မြင်နိုင် မိမိတို့ တိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ်တည်တံ့အောင် ကြိုးပမ်းစောင့်ရှောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရခိုင်ပြည်နယ်သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁၁နာရီခွဲတွင် ကိုင်းရှည်ကျေးရွာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းတို့သည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များစိုက်ထူ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ကုတ်မြို့နယ် မီးချောင်းထိုးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ မီးချောင်းထိုး၊ ရန်မျိုး၊ ဆားဒုံဗွေ၊ မောင်း၊ ဇိန်ကန်ထွေ၊ ဒုံ၊သလိန်ပြင်စသည့် ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ကျော်တက်ရောက်ကြသည်။

ရှေးဦးစွာဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မီးချောင်းထိုး၊ ရန်မျိုး၊ ဆားဒုံဗွေ၊ ဇိန်ကန်ထွေ၊ ဒုံ၊ သလိန်ပြင် စသည့် ကျေးရွာခြောက်ရွာတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ရွာလျှင် ငွေကျပ် လေးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၂၄ သိန်းကိုလည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲ၌ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ မိသားစုများအဖြစ် ယှက်နွယ်စုစည်းနေထိုင်ခဲ့ကြသဖြင့် သွေးသားရင်းချာများပမာ ခွဲခြားမရဘဲ ချစ်ကြည်စည်းလုံးမှုဖြင့် ရပ်တည်နေထိုင်လျက်ရှိကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် တိုင်းပြည်ပြိုကွဲသဖြင့် အနိဋ္ဌာရုံ ဒုက္ခများ ပင်လယ်ဝေအောင် ခံစားနေကြရသည့် တိုင်းပြည်နှင့်ပြည်သူများကို တွေ့မြင်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့ တိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ်ခိုင်မြဲတည်တံ့အောင် ကြိုးပမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သုံးစွဲမကုန်နိုင်သည့် သယံဇာတဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံပြီး တည်ဆောက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြားနှင့်ရေဒီယိုထုတ်လွှင့်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာ ရောက်ရှိဖတ်ရှုနိုင်ရေးကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ကျေးရွာတိုင်းတွင် တည်ထောင်ပေးထားပြီး ယင်းစာကြည့်တိုက်များအားလုံး ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အသိဉာဏ်အဆင့်အတန်းမြင့်မားသည့် ဦးနှောက်ကို အစွမ်းကုန်ပွင့်ထွန်းတိုးတက်စေရန်အတွက် စာပေဗဟုသုတ ဖတ်ရှုလေ့လာခြင်းတည်းဟူသော အစာအဟာရဖြင့် ပံ့ပိုးအားဖြည့်ပေးကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးစာဖတ်သည့် အလေ့အကျင့်ကောင်းများ စွဲမြဲလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ တည်ဆောက်ထားရှိပြီးဖြစ်သည့်အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် အလွန်အရေးကြီးကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် တောင်ကုတ်မြို့နယ် မီးချောင်းထိုး ၊ ရန်မျိုး၊ ဆားဒုံဗွေ၊ မောင်း၊ ဇိန်ကန်ထွေ၊ ဒုံ၊ သလိန်ပြင်ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့။

❋ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကရသူရိမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ချောင်းကဗျာ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောက်ထနောင်းတပ်နယ်သို့ရောက်ရှိပြီး တပ်မိသားစုဝင်များနှင့်တွေ့ဆုံ၍ စောင်များ၊ အဝတ်အထည်များ၊ စားစရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပိုကောင်းကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ခင်းများနှင့် တိုးချဲ့ဖော်ထုတ်ထားသော ကွန်တိုစနစ် ဆီအုန်းစိုက်ခင်း မြေနေရာပြုပြင်နေမှု၊ ယုဇနကုမ္ပဏီလီမိတက်က စက်ယန္တရားကြီးများ အသုံးပြု၍ ဆီသီးနှင့် အခြားကုန်ထုတ်လမ်းသစ် တိုးချဲ့ဖောက်လုပ်နေမှုနှင့် ရေနက်ဆိပ်ကမ်း တူးဖော်နေမှုများ၊ ယုဇနကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းခင်းများ၊ ဆောက်လုပ်လျက်ရှိသော အဆင့်မြင့်ဈေး၊ အလှပြင်ဆိုင်၊ စာကြည့်တိုက်၊ စားသောက်ဆိုင်များပါရှိသည့် လေးထပ်အဆောက်အအုံနှင့် ဩဂဲနစ်သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်မှုများ၊ တစ်နာရီ တန် ၆၀ ကျ ဆီကြိတ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ယင်းနောက် ယုဇနကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက ဆီအုန်းစိုက်ပျိုးရေးနှင့် စီမံကိန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆီကြိတ်စက်ရုံအခြေအနေ၊ ဆီသီးထွက်ရှိမှုနှင့် ဆီအုန်းဆီကြိတ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုလ်ချုပ်အုန်းမြင့် တံတားများကြံ့ခိုင်မှု ကြည့်ရှု ချီဖွေ-ဝိုင်းမော်လမ်း အဆင့်မြှင့်ပြုပြင်မှု စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကျောင်းဝတ်စုံပေးအပ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့ ဥက္ကာပ်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံပြီး တိုင်းမှူးက ဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံများကို ပေးအပ်သည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့နယ် လမ်းကျော ကျေးရွာအနီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း၏ ရေထိန်းတမံနှင့် ရေယူဥမင်လိုဏ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့အနီးရှိ လဖြူဂျိုင်ဟိုတယ် ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဝိုင်းမော်မြို့နယ် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန်ချောင်းတံတား ကြံ့ခိုင်မှုအခြေအနေနှင့် ဝိုင်းမော်မြို့နယ် မိုင်တိုင်အမှတ် (၄၅/၂)ရှိ မလိယန်တံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချီဖွေ-ဝိုင်းမော်လမ်းပိုင်း လမ်းအဆင့်မြှင့်ပြုပြင်ဆောင်ရွက်နေမှုနှင့် လမ်းဘေးဝဲယာ တစ်လျှောက် သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဆဒုံးမြို့နယ်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဆဒုံးမြို့နယ်ရှိ နှင်းပွင့်ဟိုတယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အပေါ့စား မီးသတ်စက်ဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း၏ ရေထိန်းတမံနှင့် ရေယူဥမင်လိုဏ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ

ကွင်းသည် ဧရိယာ ဧက ၃၇၀ ကျယ်ဝန်း၍ ပို့ကုန် သွင်းကုန် စစ်ဆေးရေး အဆောက်အအုံများ၊ ရုံးဌာနအဆောက်အအုံများ၊ ခေတ်မီ X Ray စက်ဖြင့် ကားစစ်ဆေးရေး အဆောက်အအုံများဖြင့် အစီအရီတည်ရှိပြီး ကားရပ်နားရန်နေရာများသည်လည်း ကျယ်ဝန်းသည်ကို တွေ့ရသည်။

ကုန်သွယ်ရေး စစ်ဆေးရေးကွင်း ပတ်ပတ်လည်တွင် မြေကွက် ၁၆၆ ကွက် ဖော်ထုတ်ပြီး ကုမ္ပဏီပွဲရုံ ရုံးခန်း၊ ဂိုဒေါင် အဆောက်အအုံများ ဆောက်လုပ်ထားသည့်အတွက် လုပ်ငန်းရှင်များ ကုန်ပစ္စည်း သိုလှောင်ရောင်းဝယ်ရာတွင် အဆင်ပြေချောမွေ့လျက် ရှိသည်။ ကုန်သွယ်ရေးဇုန်ကြီး မပေါ်ပေါက်ခင် ယခင်ကာလများက နယ်စပ်ဒေသမူဆယ်၌ ကုန်ပစ္စည်းများ ရောင်းဝယ်ရာတွင် ပုံစံစနစ်မရှိဘဲ ကြုံရာကျပန်း ရောင်းဝယ်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးဇုန်ကြီး တည်ဆောက်၍ စီးပွားရေးလမ်း ဖွင့်ပေးခဲ့ခြင်းကြောင့် ယခုအခါ နယ်စပ်ဒေသ မူဆယ် ၁၀၅ မိုင် မိုင်းယုတွင် နယ်စပ်ကုန်သွယ်ရေး စီးပွားရေးဇုန်ကြီး ဝံ့ဝံ့ကြွားကြွား ပေါ်ထွန်းလာခဲ့သည်။ လုပ်ငန်းရှင်များအားလုံး တစ်နေရာတည်းတွင်ပင် စုစုစည်းစည်းဖြင့် အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ကုန်ပစ္စည်းများကို ဈေးကွက်နှစ်ဖက် မျှတစွာ ရောင်းဝယ်နိုင်ပြီဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးဇုန်တွင် သစ်သီးကုန်စည်ဒိုင်၊ လယ်ယာထွက်ပစ္စည်း ကုန်စည်ဒိုင်၊ ရေထွက်ပစ္စည်း ကုန်စည်ဒိုင်များ ဖွင့်လှစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ငန်းရှင်များ၏ စိတ်ကြိုက်ဈေးဖြင့် ဈေးကွက်အတွင်း ဈေးနှိမ်ခံရမှု မရှိစေရန် ပွဲရုံတိုက်ရိုက်ရောင်းပုံစံအဖြစ် ရောင်းချနိုင်မှုများကြောင့် ကုန်ပစ္စည်း အရောင်းအဝယ်များ နှစ်စဉ်တိုးတက်လာလျက်ရှိသည်။

ကုန်သွယ်ရေးဇုန်ကြီး မရှိခင်က နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ ဒေါ်လာသန်း ၄၀၀ သာ ရရှိခဲ့ရာမှ ကုန်သွယ်ရေးဇုန်ကြီး ဖွင့်ပြီးနောက်ပိုင်း နှစ်စဉ် ကုန်စည်တိုးတက်လာမှုကြောင့် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ ဒေါ်လာ သန်း ၁၀၀၀ ကျော်အထိ တိုးတက်ရရှိခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပို့ကုန်သွင်းကုန်များကို စိစစ်၊ တိုးမြှင့်ပြီး ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုနောက်ပိုင်းတွင် ဆန်၊ သစ်သီးအမျိုးမျိုး၊ အချိုရည်နှင့် မုန့်များတင်သွင်းရာတွင် F.T.A ၏ ထောက်ခံခွင့်ပြုချက်ဖြင့် တင်ပို့ တင်သွင်းခွင့်ပြုကြောင်း သိရသည်။ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရန်အတွက်လည်း ဘက်ပေါင်းစုံမှ ဌာနဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံဖြင့် ONE STOP SERVICE အဖွဲ့ဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ကုန်သွယ်ရေး ဖြစ်ထွန်းလာသောကြောင့် ဒေသခံများ၏ စီးပွားရေး အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာပြီး လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လျက် ရှိသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ဥယျာဉ်၊ လယ်ယာလုပ်ကိုင်သော တောင်သူဦးကြီးများ အတွက်လည်း မိမိတို့ဒေသ ထွက်ကုန်ပစ္စည်းများကို ကိုယ်တိုင်တင်ပို့ရောင်းချနိုင်သည့် အခွင့်အရေးများ ရရှိလာသဖြင့် ကုန်သွယ်ရေးဇုန်ကြီးသည် ဥယျာဉ်၊ လယ်ယာပိုင် လုပ်ငန်းရှင်တို့၏ စီးပွားရေး တံခါးပေါက်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးသည် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ၏ အကျိုးစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ကုန်သွယ်မှုလုပ်ငန်းတစ်ခု ဖြစ်သည်။ ကုန်သွယ်ရေးဇုန်ကြီးကို အကြောင်းပြု၍ မူဆယ်ဒေသ တစ်ခွင်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ နိုင်ငံတွင်းရှိ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကာယ၊ ဉာဏ လုပ်အားရှင်များ အားထားမှီခိုရာ ဖြစ်လာပေရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းပြီး ဖွံ့ဖြိုးတိုးတက်ဝေဆာလျက် ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ ပွဲစဉ်များပြီးဆုံး ဘိုင်ယန်နှင့် လီဗာပူး တစ်ဆင့်တက်ရန် အခြေအနေကောင်း

မက်ဒရစ် ဖေဖော်ဝါရီ ၂၆

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့နံနက်နဲ့ ကြာသပတေးနေ့နံနက်တို့မှာ ကျင်းပခဲ့ရာ အီတလီအသင်းများ ရလဒ်မကောင်းခဲ့ဘဲ အင်္ဂလန်အသင်းများ ရလဒ်ကောင်းခဲ့ပါတယ်။

ပထမနေ့ ပွဲစဉ်များ

ပထမနေ့ ပွဲစဉ်လေးပွဲတွင် အာဆင်နယ်က ရိုးမားကို အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ တစ်ပွဲသာ အနိုင်အရှုံး အဖြေပေါ်ခဲ့ပြီး ကျန်သုံးပွဲစလုံး သရေနဲ့သာ အဆုံးသတ်ခဲ့ရပါတယ်။ အက်သလက်တီကိုနဲ့ ပေါ်တိုတို့ပွဲတွင် အိမ်ရှင် အက်သလက်တီကိုတို့ ပွဲချိန် ၇၁ မိနစ်အထိ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ၇၂ မိနစ်အရောက်မှာ ချေပဂိုး ပြန်လည်ပေးလိုက်ရတာကြောင့် နှစ်ဂိုးစီ သရေကျကာ အိမ်ကွင်းမျက်နှာပန်းမလှဖြစ်ခဲ့ရပါတယ်။ အက်သလက်တီကိုအတွက် ဂိုးများကို သုံးမိနစ်တွင် ရှော့ဒရီဂွက်ဇ်နဲ့ ၄၅ မိနစ်တွင် ဖော်လန်တို့က သွင်းယူခဲ့ပြီး ပေါ်တိုအတွက် ဂိုးများကို ၂၂ မိနစ်နဲ့ ၇၂ မိနစ်တို့မှာ လီဆန်ဒရို တစ်ဦးတည်းက သွင်းယူခဲ့ခြင်းဖြစ်ပါတယ်။

လိုင်ယွန်နဲ့ ဘာစီလိုနာတို့ပွဲတွင် ဧည့်သည်ဘာစီလိုနာ ကစားကွက်သာခဲ့ပေမယ့် သရေသာကစားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ လိုင်ယွန်အတွက်ဂိုးကို ကွင်းလယ်လူ ဂျူနင်ဟိုက ပွဲချိန် ခုနစ်မိနစ်မှာ ဖရီးကစ်မှတစ်ဆင့် လှလှပပ သွင်းယူခဲ့ပြီး ဘာစီလိုနာအတွက် ချေပဂိုးကို တိုက်စစ်မှူး ဟင်နရီက ပွဲချိန် ၆၇ မိနစ်မှာ သွင်းယူခဲ့ခြင်း ဖြစ်ပါတယ်။

အာဆင်နယ်နဲ့ ရိုးမားတို့ပွဲတွင် အာဆင်နယ်က ခြေအသာနဲ့ ကစားပြီး တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီဂိုးကို တိုက်စစ်မှူး ဗန်ပါစီက ၃၇ မိနစ်မှာ ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်း ဖြစ်ပါတယ်။ ဆန်စီရိုကွင်းမှာ ကျင်းပခဲ့တဲ့ အင်တာမီလန်နဲ့ မန်ယူတို့ပွဲမှာတော့ ဂိုးမရှိ သရေနဲ့သာ အဆုံးသတ်ခဲ့ပါတယ်။

ဒုတိယနေ့ပွဲစဉ်များ

ဒုတိယနေ့ပွဲစဉ်များတွင် ချယ်လ်ဆီး၊ လီဗာပူးနဲ့ ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲကိုယ်စီရခဲ့ပြီး ဗီလာရီးယဲလ်ကတော့ အိမ်ကွင်းမှာ သရေသာကစားနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးနဲ့ ဂျူဗင်တပ်စ်တို့ပွဲတွင် ချယ်လ်ဆီးက ပွဲချိန် ၁၂ မိနစ်မှာ ဒရော့ဘာရဲ့ သွင်းဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စပို့တင်းလစ္စဘွန်းနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ဧည့်သည်ဘိုင်ယန်ဟာ လူစုံတက်စုံနဲ့ တိုက်စစ်ဖွင့်ကစားပြီး အိမ်ရှင်အပေါ် အသာစီးရယူကာ ငါးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဘိုင်ယန်အတွက် ဂိုးများကို ၄၂ မိနစ်နဲ့ ၆၃ မိနစ်တို့တွင် ရီဘာရီ၊ ၅၇ မိနစ်တွင် ကလိုဆေးနဲ့ ၈၄ မိနစ်နဲ့ မိနစ် ၉၀ တို့တွင် တိုနီတို့က သွင်းယူခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်နဲ့ လီဗာပူးတို့ပွဲတွင် အိမ်ရှင်ရီးယဲလ် ကစားကွက်သာခဲ့ပေမယ့် ပွဲချိန် ၈၂ မိနစ်မှာ ဘီနာယောင်ရဲ့ ခေါင်းတိုက်သွင်းဂိုးကြောင့် အိမ်ရှင်တို့ ဧည့်သည် လီဗာပူးကို အရှုံးပေးခဲ့ရပါတယ်။ ဗီလာရီးယဲလ်နဲ့ ပင်နာသီယာကော့စ် တို့ပွဲတွင် ဧည့်သည် ပင်နာသီယာကော့စ်က ၅၉ မိနစ်မှာ ကာရာဂူးနစ်ရဲ့ ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ၆၇ မိနစ်မှာ အိမ်ရှင်အတွက် ရော့စီက ပင်နယ်တီမှ တစ်ဆင့် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ရပါတယ်။

ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ ပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်မှ ကလိုဆေးနှင့် ပေါ်တိုမှ လီဆန်ဒရိုတို့က ခြောက်ဂိုးစီ အသီးသီး သွင်းယူထားနိုင်ခဲ့ကြပါတယ်။

ဝင်းတင်(ကြေးမုံ)

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းရှိ အဆောက်အအုံများကို တွေ့ရစဉ်။

မှူခင်းကင်းမဲ့ရေး ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၏ ရက်သတ္တပတ် မှုခင်းကင်းမဲ့ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲမှူး(ဦးစီး) ရဲမှူးစိန်ထွန်းက မှုခင်းအသိပညာပေး ဟောပြောဆွေးနွေးသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေးအသင်း ဗဟိုအဖွဲ့ဝင် ဦးအေးဆွေက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆွေးနွေးကြောင်း သိရသည်။ (၅၄၃)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

အမြို့မြို့အနယ်နယ်မှ ဒေသခံပြည်သူများ သောင်းသောင်းဖြဖြအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာ့စက်ဘီးအားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေးနှင့် မြန်မာ့စက်ဘီးအားကစားအပေါ် ပြည်သူများ ပိုမိုစိတ်ပါဝင်စားလာစေရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှေ့သတ်မှတ်စုရပ်မှ စတင်၍ တာထွက်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမား ၆၆ ဦးတို့သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမှ အမှတ်(၃) လမ်းမကြီးအတိုင်း၊ ထိုမှတစ်ဆင့် ထောက်ကြန့်၊ လှည်းကူးမြို့နယ်သို့လည်းကောင်း၊ ယင်းမှတစ်ဆင့် ပဲခူးတိုင်းအတွင်းသို့ ဝင်ရောက်လာကြပြီး ပဲခူးမြို့နယ် ဘုရားကြီး-ဝေါမြို့နယ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် စစ်တောင်းတံတား(မုပ္ပလင်)ကို ဖြတ်ကျော်ကာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့သို့ ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်ခရီးစဉ်အတွင်း တစ်ဦးနှင့်တစ်ဦး အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် အကြိတ်အနယ်၊ ရေကုန်ရေခန်းယှဉ်ပြိုင်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများက အိုးစည်ဗုံမောင်းတို့ဖြင့် တီးမှုတ်ကခုန်၍လည်းကောင်း၊ ကရင်ဒုံးယိမ်းအကတို့ဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ လှိုက်လှိုက်လဲလဲ ကြိုဆိုနှုတ်ဆက်အားပေး ကြသည်။

ပထမနေ့ ခရီးစဉ်အတွင်း ကျိုက်ထိုမြို့နယ်သို့ သတ်မှတ်စံချိန် ၆ နာရီသတ်မှတ်ထားသည့်အနက် ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)က ၅ နာရီ၊ ဝ၆ မိနစ်၊ ၁၈ ဒသမ ၂၅ စက္ကန့်ဖြင့် ပထမ၊ ထွန်းထွန်း (MAXXIS)က ၅ နာရီ ၁၀ မိနစ်၊ ဝ၅ ဒသမ ၅၀ စက္ကန့်ဖြင့် ဒုတိယ၊ မင်းဝင်းလှိုင်(မွန်ပြည်နယ်)က ၅ နာရီ၊ ၁၀ မိနစ်၊ ဝ၇ ဒသမ ၂၅ စက္ကန့်ဖြင့် တတိယ၊ မျိုးလင်းအောင် (ဧရာဝတီတိုင်း)က ၅ နာရီ၊ ၁၀ မိနစ်၊ ဝ၇ ဒသမ ၆၆ စက္ကန့်ဖြင့် စတုတ္ထ၊ မြင့်အေး(ဘဏ္ဍာ/အခွန်)က ၅ နာရီ၊ ၁၀ မိနစ်၊ ဝ၈ ဒသမ ၅၆ စက္ကန့်ဖြင့် ပဉ္စမတို့ဖြင့် အသီးသီးပန်းဝင်ခဲ့ကြသည်။

ဆုများကို နယ်မြေခံတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး တောက်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန် - မော်လမြိုင် - ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ ကျိုက်ထို-မော်လမြိုင် ခရီးစဉ်အပိုင်း တာလွှတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၆ နာရီခွဲတွင် ကျိုက်ထိုမြို့နယ်အားကစားကွင်းရှေ့ရှိ သတ်မှတ်စုရပ်၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး တောက်ထွန်းက သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကိုတာလွှတ်ဖွင့်လှစ် ပေးလိုက်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် ပထမနေ့ ခရီးစဉ်အတွင်း သတ်မှတ်စံချိန် ၆ နာရီရရှိသူ ပြိုင်ပွဲဝင်အားကစားသမား ၃၁ ဦးတို့သည် ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်အသီးသီးတို့သို့ ဖြတ်ကျော်စီးနင်း၍ မော်လမြိုင်မြို့ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အောင်မျိုးနိုင်(MAXXIS)က ၄ နာရီ၊ ၉ မိနစ်၊ ဝ၆ ဒသမ ၇၄ စက္ကန့်ဖြင့် ပထမ၊ အောင်စိုးဝေ(MAXXIS)က ၄ နာရီ၊ ၉ မိနစ်၊ ဝ၉ ဒသမ ၅၈ စက္ကန့်ဖြင့် ဒုတိယ၊ စိုင်းအောင်သန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၄ နာရီ၊ ၉ မိနစ်၊ ၁၄ ဒသမ ၄၀ စက္ကန့်ဖြင့် တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မွန်ပြည်နယ် စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးကိုကိုလတ်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန် - မော်လမြိုင် - ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ၏ မော်လမြိုင်-ကျိုက်ထိုခရီးစဉ်အပိုင်း တာလွှတ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် မော်လမြိုင်မြို့ အကောက်ခွန်ရုံးရှေ့ရှိ သတ်မှတ်စုရပ်၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများသည် မော်လမြိုင်မြို့ အကောက်ခွန်ရုံးရှေ့မှ ပေါင်-သထုံ-ဘီးလင်း လမ်းကြောင်းအတိုင်း ဖြတ်ကျော်စီးနင်းယှဉ်ပြိုင်ကြပြီး ကျိုက်ထိုမြို့သို့ ပန်းဝင်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက လက်ခုပ်သြဘာပေး၍ သောင်းသောင်းဖြဖြ တစ်ခဲနက် ဂုဏ်ပြုကြိုဆိုကြကာ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျိုက်ထိုမြို့၌ တစ်ညတာ ရပ်နားခဲ့ကြသော ပြိုင်ပွဲဝင်အားကစားသမားများသည် ယနေ့ နံနက် ၆ နာရီခွဲတွင် ကျိုက်ထို-ရန်ကုန်ခရီးစဉ်အပိုင်းကို ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့ရှိ သတ်မှတ်စုရပ်မှ စတင်၍ တာထွက်ခဲ့ကြပြီး စစ်တောင်းတံတား (မုပ္ပလင်)- ဝေါ - ဘုရားကြီး - ပဲခူး - ထောက်ကြန့်လမ်းကြောင်းအတိုင်း စီးနင်းယှဉ်ပြိုင်ကြကာ ပြိုင်ပွဲခရီးစဉ်ပြီးဆုံးရာ ရန်ကုန်တိုင်း ထောက်ကြန့် ကျွန်းအမှတ်(၂၃)ရှိ သတ်မှတ်စုရပ်သို့ အပြီးသတ်ပန်းဝင်ကြသည်။

အဆိုပါအပြီးသတ် ပန်းဝင်ရာသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက သောင်းသောင်းဖြဖြ၊ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသူများနှင့် စက်ဘီးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲတွင် စုစုပေါင်း စံချိန် ၁၇ နာရီ၊ ၂၃ မိနစ်၊ ၃၁ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမဆုရ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)အား ငွေသားဆုကျပ် ငါးသိန်းနှင့် ပြိုင်စက်ဘီးသစ် တစ်စီးတို့ကိုလည်းကောင်း၊ စုစုပေါင်းစံချိန် ၁၇ နာရီ၊ ၂၇ မိနစ်၊ ဝ၁ ဒသမ ၃၆ စက္ကန့်ဖြင့် ဒုတိယဆုရ အောင်ဖြိုးဝေ (MAXXIS)အား ငွေသားဆုကျပ်လေးသိန်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ်တစ်စီး တို့ကိုလည်းကောင်း၊ စုစုပေါင်း စံချိန် ၁၇နာရီ၊ ၃၁ မိနစ်၊ ၁၂ ဒသမ ၉၁ စက္ကန့်ဖြင့် တတိယဆုရ မင်းဝင်းလှိုင်(မွန်ပြည်နယ်)အား ငွေသားဆုကျပ်သုံးသိန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ်တစ်စီးတို့ကိုလည်းကောင်း၊ သတ်မှတ်စံချိန်အလိုက် ဆုရရှိကြသူ ပြိုင်ပွဲဝင် အားကစားသမားများအား ငွေသားဆုများနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ်များကိုလည်းကောင်း၊ စက်ဘီးနှင့်စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

✻ ဆဲလ်ဖုန်းမှ

သို့သော် ဓာတ်ရောင်ခြည်ဖြာထွက်ခြင်းသည် ကလေးငယ်များအတွက် အာရုံကြောနှင့် ကိုယ်ခံအား ခံနိုင်ရည်စနစ်များ ပြည့်စုံစွာ ဖွံ့ဖြိုးမှုမရှိခြင်းကဲ့သို့သော ရေရှည်ကျန်းမာရေး အန္တရာယ်များ ရှိနိုင်သည့် ရလဒ်များကို နိုင်ငံ၏ ဓာတ်ရောင်ခြည်ကာကွယ်ရေးဗဟိုရုံးက လေ့လာချက်တွင် ကြေညာထားခဲ့သည်။

မိုဘိုင်းဖုန်းများမှ လျှပ်စစ်သံလိုက်စက်ကွင်းများ၏ ကလေးသူငယ်များနှင့် လူငယ်များအပေါ် ရေရှည်ကျန်းမာရေး အကျိုးသက်ရောက်မှုကို ကျွန်တော်တို့ ယခုတိုင် မသိရှိရသေးကြောင်း ဓာတ်ရောင်ခြည်ကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးသူငယ်များ ကြိုးမဲ့နည်းပညာဆက်သွယ်ရေးစနစ် အသုံးပြုခြင်းကို ဓာတ်ရောင်ခြည် ကာကွယ်ရေးဗဟိုအဖွဲ့က သတိပေးတိုက်တွန်းထားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၂၄ ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် ညောင်တုန်းမြို့တောရကျောင်းလမ်း လမ်းဘေးဝဲယာ လူသွားစင်္ကြံပလက်ဖောင်းများ ပြုပြင်ဆောက်လုပ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစန်းယုလှိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၆၁)

မီးကြွင်း မီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

● ကျောဖုံးမှ

ဆုကြေးငွေအမြင့်ဆုံးနှင့် အကြီးကျယ်ဆုံး အောင်လံလုပွဲဖြစ်ပြီး နာမည်ကြီး ရိုးရာလက်ဝှေ့သမားပေါင်း များစွာပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များ ပွဲကြီးပွဲကောင်းများကို အားပါးတရ ကြည့်ရှုခံစားရတော့မည်ဖြစ်သည်။

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အလွတ်တန်းရွှေအောင်လံလုပွဲနှင့် ပထမတန်း အောင်လံလုပွဲဟူ၍ ပြိုင်ပွဲနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အလွတ်တန်း ရွှေအောင်လံလုပွဲတွင် လုံးချော၊ ရွှေဆိုင်း၊ ရန်ကြီးအောင်နှင့် စောငမန်းတို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် မဲနှိုက်ရေးဆွဲရာတွင် မြန်မာပြည်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ပထမတန်း လက်ဝှေ့ကျော် စောငမန်း(Ever Green)၊ ၂၀၀၅ မြန်မာပြည်ချန်ပီယံဟောင်း ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ တွေ့ဆုံမည်ဖြစ်သည်။ ငါးချီထိုးသတ်ကြမည်ဖြစ်ပြီး အချီပြည့်သည်အထိ သရေကျနေပါက အမှတ်ဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ရာ လုံးချောနှင့် စောငမန်းတို့ ဗိုလ်လုပွဲ တက်ရေး အသည်းမာမာ ဇွဲပါပါ ထိုးသတ်ရမည့် အနေအထားပင်ဖြစ်သည်။ ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀ နှင့် ဆီမီးပွဲစဉ်တွင် ရှုံးနိမ့်သူအား ကျပ်ရှစ်သိန်းစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမတန်း ရွှေအောင်လံလုပွဲတွင် တွေ့မရှောင်၊ ဝင်းထွန်း၊ ထွန်းထွန်းနှင့် စောဂပရေမှူးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ပထမ ကျပ် ၂၅သိန်း၊ ဒုတိယ ကျပ် ၁၈ သိန်းနှင့် ဆီမီးပွဲစဉ်တွင် ရှုံးနိမ့်သူအား ကျပ်ခုနစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဩစတြီးယားပြန် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင် (K.L.N)နှင့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)တို့ တွေ့ဆုံနေရာ ဗိုလ်လုပွဲထက် ကြည့်ကောင်းမည့်ပွဲပင်ဖြစ်သည်။ နောက်တစ်ပွဲတွင် ထွန်းထွန်း (အဖြူရောင်သွေးသစ်)နှင့် စောဂပရေမှူး(တွံတေး) တို့ စိတ်မကျေပွဲ ထပ်မံတွေ့ဆုံကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပမည့် ဆီမီးဖိုင်နယ် ပထမနေ့ပွဲစဉ်များတွင် အလွတ်တန်း ရွှေအောင်လံလုပွဲ၌ ၂၀၀၅ မြန်မာပြည်ချန်ပီယံဟောင်း ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)၊ ပထမတန်း ရွှေအောင်လံလုပွဲအဖြစ် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(K.L.N) နှင့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်) တို့ ထိုးသတ်ကြမည်ဖြစ်သည်။ ငါးချီအထူးစိန်ခေါ်ပွဲများအဖြစ် စစ်သွေး(ဘိလပ်မြေစက်ရုံ) နှင့် မင်းထက်ကျော်(တိုက်ဂါး)၊ ဒိန်း(မြန်မာ့သွေးသစ်)နှင့် ရွှေသိန်းအောင်(နှစ်ရှည်ဥယျာဉ်)၊ စိုးလင်းဦး(တောင်ကလေး)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)၊ ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် ပအိုဝ်းလေး (အလင်းရောင်)၊ လေးချီ စိန်ခေါ်ပွဲများအဖြစ် ထွန်းလူ(တိုက်ဂါး)နှင့် စောကရင်(မိုးသောက်ကြယ်)၊ မျိုးအောင်(ဒေါင်းမြန်မာ)နှင့် ခွန်ပအိုဝ်း(အလင်းရောင်)၊ သီဟရာဇာ(ရက္ခဗျာလ)နှင့် သားစန်းနိုင်(ဆင်မင်း)တို့ ရင်ဆိုင် ထိုးသတ်ကြမည်ဖြစ်သည်။

မတ် ၁ ရက် ဆီမီးဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များတွင် အလွတ်တန်း ရွှေအောင်လံလုပွဲအဖြစ် မြန်မာပြည်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ပထမတန်း လက်ဝှေ့ကျော် စောငမန်း (Ever Green)၊ ပထမတန်း ရွှေအောင်လံလုပွဲအဖြစ် နယ်စပ်လက်ဝှေ့ကျော် ထွန်းထွန်း(အဖြူရောင်သွေးသစ်)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် စောဂပရေမှူး(တွံတေး) တို့ ထိုးသတ်ကြမည်ဖြစ်သည်။ ငါးချီ စိန်ခေါ်ပွဲများအဖြစ် နိုင်ထူးလွင်(တောင်ကလေး)နှင့် စွမ်းအားရှင်(နှစ်ရှည်ဥယျာဉ်)၊ စစ်အောင်(နှစ်ရှည်ဥယျာဉ်)နှင့် ကျန်စစ်အောင်(မြို့တော်စည်ပင်)၊ ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်)နှင့် ရှူမဝ (ဒေါင်းမြန်မာ)၊ ဝမ်းတူး(ဒေါင်းမြန်မာ)နှင့် ဘနှစ်လေး(အလင်းရောင်)၊ လေးချီ စိန်ခေါ်ပွဲအဖြစ် သန်းအောင် (ဒေါင်းမြန်မာ)နှင့် စနူကာ(မိုးသောက်ကြယ်)၊ ချစ်ထွေး (မိုးသောက်ကြယ်)နှင့် ဝင်းထွန်းလေး(အလင်းရောင်)၊ ပြည့်စုံအောင်(ရက္ခဗျာလ)နှင့် စောသာဖို (မြန်မာ့သွေးသစ်) တို့ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်(ဗီဒီယို)၊ အမှတ်-၁၇၄၊ မြေညီထပ်၊ ၃၅လမ်း/လယ်၊ ကျောက်တံတား ဖုန်း-၃၈၇၆၅၀၊ ဝ၉ ၅၁ ၂၉၂၄၄ သို့ဆက်သွယ်ဝယ်ယူနိုင်ပြီး ပြိုင်ပွဲနေ့များတွင် အသင်းတိုက်မှတ်တိုင်မှ သုဝဏ္ဏအားကစားရုံသို့ ကြို/ပို့ကားများအခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော် ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ ဘာသာရပ် စီးပွားရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ စင်ကာပူနန့်ယန်းတွင် တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

စင်ကာပူနိုင်ငံ Nanyang Institute of Management (NIM) နန့်ယန်း အသက်မွေးပညာသင် တက္ကသိုလ်မှပညာရေးဆွေးနွေးပွဲတစ်ရပ်ကို မတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီခွဲမှ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ပါတ်ခ်ရွိုင်ရယ်ဟိုတယ် အစည်းအဝေးခန်းမဆောင် (၃)၌ ကျင်းပမည်ဖြစ်သည်။

NIM သည် စင်ကာပူပညာရေးလောကတွင် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော Gateway ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တွင် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များအတွက် အကောင်းဆုံးပညာရေးဝန်ဆောင်မှုပေးနေသော ကျောင်းဖြစ်သည်။

သြစတြေးလျနိုင်ငံရှိ University of Ballaratနှင့် စင်ကာပူနိုင်ငံ နန့်ယန်းအသက်မွေးပညာသင် တက္ကသိုလ်တို့မှ ပူးပေါင်းဖွင့်လှစ် သင်ကြားပေးနေသည့် စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းတွင် အထူးပြုဘာသာရပ် (၆)ခုကို ရွေးချယ် တက်ရောက်နိုင်ပြီး ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လိုသူများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ နေရာကောင်းများတွင် အလုပ်အကိုင်များ အမြန်ဆုံးလိုသူများအတွက် အဆိုပါစီးပွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ကို Health Services Management အဓိကဘာသာတွဲဖြင့် တက်ရောက်နိုင်သည်။ မည်သည့်ဘွဲ့ရမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူ၏ ဝင်ခွင့်အရည်အချင်းအတွက် GMAT ဖြေဆိုထားရန် မလိုအပ်သည့်အပြင် သင်တန်းကာလမှာ (၁၂)လမှ (၁၅)လကြာမြင့်မည်ဖြစ်သည်။

ယင်းဘာသာရပ်တွင် စီးပွားရေး၊ အုပ်ချုပ်ရေး ဘာသာရပ်များအပြင် ကျန်းမာရေးလုပ်ငန်းနယ်ပယ် စီမံအုပ်ချုပ်ရေးနှင့်ဆိုင်သည့် Contemporary Issues in Health Services Management, Policy in Health Services Management, Leadership in Health Service Management နှင့် Evidence Based Practice in Health Services Management စသည့်ဘာသာရပ်များကို လေ့လာသင်ယူရမည်ဖြစ်သည်။

နန့်ယန်း အသက်မွေးပညာသင်ကျောင်းမှ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းများအပြင် Business, Tourism & Hospitality, Early Childhood Education စသည့် ဘာသာရပ်များအား ဒီပလိုမာအဆင့်မှ မဟာဘွဲ့ထိ တက်ရောက်နိုင်၍ ဘွဲ့ရပြီးသူများအတွက် Post Graduate Programmes များကိုလည်း ရွေးချယ်တက်ရောက်နိုင်သည်။ ယင်းဘာသာရပ်များအား လုပ်ငန်းခွင်၌ နှစ်ပေါင်းများစွာ သင်ကြားမှုအတွေ့အကြုံရင့်ကျက်သော ဆရာ၊ ဆရာမများမှ သင်ကြားပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများနှင့် ဆွေးနွေးပွဲတက်ရောက်လိုသူများသည် Overseas Education Channel (AT&S Co.,Ltd.) အဆောင်(၅)၊ အခန်း(၄)၊ မြန်မာအင်ဖိုတက်၊ လှိုင်မြို့နယ်၊ ဖုန်း ၆၅၂၂၈၈၊ ၆၅၂၂၅၈၊ ၆၅၂၇၂၀ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ပြ/ ကျေးလက် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ စည်ပင်ရုံးလမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းပြီးစီးမှုအား အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောက်ပိုင်းဒေသများ မိုးအနည်းငယ်ဆက်ရွာနိုင်



ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၄၈လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ၃၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၇ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

တန့်ယန်းမြို့နယ်၌ ပိုလီယိုကာကွယ်ဆေး ဒုတိယအကြိမ် တိုက်ကျွေး

တန့်ယန်း ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ ဒုတိယအကြိမ်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းကဆောင်ရွက်ရာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနာယက ဒေါ်မေငြိမ်းချမ်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သောင်းဒန်ဦးတို့နှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက ရပ်ကွက်အလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေမှုများကို လှည့်လည်ကြည့်ရှုကာ ပါဝင်တိုက်ကျွေးကြသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တိုင်းဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်နှင့် ၁၅ရက်တို့တွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဗဟန်းမြို့နယ်က ပထမ၊ လှိုင်သာယာမြို့နယ်က ဒုတိယနှင့် သာကေတမြို့နယ်က တတိယရရှိခဲ့သည်။ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို လှိုင်သာယာမြို့နယ်မှ ဖိုးလပြည့်ကရရှိခဲ့ပြီး တက်သစ်စ လူငယ်ကစားသမားဆုအား မျိုးအောင်ခိုင်က ရရှိသွားခဲ့သည်။

ထို့နောက်ပထမဆုရရှိသော ဗဟန်းမြို့နယ်အသင်းအား ရန်ကုန်တိုင်း ခြင်းလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် ဦးမြမောင်တို့က တံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးခဲ့သည်။ **(ယာပုံ)** (ကြေးမုံ)

ကုန်ကြမ်းများကို ပြည်တွင်း၌ ရှာဖွေပြီး စက်စွမ်းအားပြည့်ထုတ်လုပ် ပြည်တွင်း၊ ပြည်ပ ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်ရုံအလုပ်ရုံများအနေဖြင့် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ရှာဖွေပြီး စက်စွမ်းအားပြည့် ထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပ ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယခင်လအစည်းအဝေးမှတ်တမ်းအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာများက ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။
(သတင်း-စာမျက်နှာ-၁၀)
(သတင်းစဉ်)

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ကျင်းပမည်

သတင်း ဓာတ်ပုံ စိုးညွန့် (ကြေးမုံ)

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး Dagon Brewery Co., Ltd.၊ Myanmar Media Group နှင့် H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို)မှ စီစဉ်သော ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက် ညနေ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ●

အင်တာနက်ကျန်းမာရေး ဘာသာပြန် ထက်ထက်

ဆဲလ်ဖုန်း အသုံးပြုခြင်းသည် ဆယ်ကျော်သက်များ၏ ကျန်းမာရေးကို အချိန်တိုအတွင်း မထိခိုက်နိုင်

မဲလ်ဘုန်း ဖေဖော်ဝါရီ ၂၆

ဆဲလ်ဖုန်းများမှ ရောင်ခြည်ဖြာခြင်းသည် သုံးစွဲသူ ကလေးငယ်များနှင့် ဆယ်ကျော်သက်များအား အချိန်တိုအတွင်း ကျန်းမာရေးထိခိုက်မှုမရှိဟု ဂျာမန်အစိုးရ လေ့လာမှုတစ်ခုအရ သိရှိရကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အချိန် တစ်ရက်အတွင်း အသက် (၈)နှစ်မှ (၁၇)နှစ်အရွယ် လူငယ် ၃၀၀၀ ကျော်အား ဖုန်းသုံးစွဲနေစဉ် ဆဲလ်ဖုန်းများမှ ရေဒီယိုသတ္တိကြွခြင်း၊ ရောင်ခြည်ဖြာခြင်းတို့ကို လေ့လာခဲ့ခြင်းဖြစ်သည်။ ရေဒီယိုသတ္တိကြွခြင်း၊ ရောင်ခြည်ဖြာထိတွေ့ခြင်းနှင့် ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းကဲ့သို့သော ကျန်းမာရေးထိခိုက်မှုတို့ တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်း လေ့လာမှုကဖော်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

ဆဲလ်ဖုန်းပြောနေသော ကလေးငယ်တစ်ဦး။
(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျားပြန် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင် (K. L. N)။

မြန်မာပြည်ချန်ပီယံ လုံးချော (ညောင်တုန်း)။

ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)။

ရန်ကြီးအောင်နှင့် အကြိုဗိုလ်လုပွဲ ထိုးမည့် ရွှေဆိုင်း (မြိုင်ကြီးငူ)။